# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၇၃)၊ ၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်၊ ၃-၉-၂၀၂၄၊ အင်္ဂါနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလ တည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့
အမိန့်ကြော်ငြာစာအမှတ်၊ ၁ /၂၀၂၄
၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်
(၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်)
အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခြင်း

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(c) နှင့် ပုဒ်မ ၇၂၊ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ The Myanmar National Democratic Alliance Army (MNDAA) လက်နက်ကိုင်သောင်းကျန်းသူ အဖွဲ့နှင့် Ta'ang National Liberation Army(TNLA) လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့တို့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်မှုဖြစ်သည့် အများပြည်သူ၏ လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကိုဖြစ်စေ၊ အများပြည်သူ သို့မဟုတ် တစ်ဦးတစ်ယောက်အတွက် အရေးကြီးသော အခြေခံအဆောက်အအုံများကိုဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကိုဖြစ်စေ

စာမျက်နှာ ၃ သို့ ■

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားခြင်းမှ ပြန်လည်ရုပ်သိမ်းခြင်းကို ပယ်ဖျက်၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့
အမိန့်ကြော်ငြာစာအမှတ်၊ ၂ /၂၀၂၄
၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်
(၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်)
အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားခြင်းမှ ပြန်လည်ရုပ်သိမ်းခြင်းကို ပယ်ဖျက်၍
အကြမ်းဖက်အုပ်စုအဖြစ်ကြေညာခြင်း

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(c) နှင့် ပုဒ်မ ၇၂၊ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

စာမျက်နှာ ၃ သို့ ❐

## ညောင်ဦးမြို့နယ်၌ မိုးလယ်မိုး ရွာသွန်းမှုကြောင့် ပဲစင်းငုံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ညောင်ဦး စက်တင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ ပဲစင်းငုံ ၁၁၃၅၆ ဧက စိုက်ပျိုးထားရှိပြီး မိုးလယ်မိုး ရွာသွန်းမှုကောင်းခြင်းနှင့်အတူ ပဲစင်းငုံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ညောင်ဦးမြို့နယ်တွင် ပဲစင်းငုံစိုက်တောင်သူများသည် ကဆုန်လ၊ နယုန်လတို့တွင် မိုးဦးမိုးရွာသွန်းချိန် နှမ်းများကြဲပက်စိုက်ပျိုးချိန်နှင့်အတူ ပဲစင်းငုံအားရောကာ ကြဲပက်စိုက်ပျိုးထားခဲ့ကြောင်း သိရသည်။ ဝါဆိုလပြည့်ကျော်၊ ဝါခေါင်လဆန်း နှမ်းနုတ်သိမ်းပြီးချိန် မိုးရွာသွန်းပါက နှမ်းနှင့်အတူ ကြဲပက်စိုက်ပျိုးခဲ့သည့် ပဲစင်းငုံများ မြေဆွပေးသကဲ့သို့ဖြစ်ကာ ပဲစင်းငုံပင်များ ကောင်းလာပြီး အပင်တက်အားကောင်းလာကြောင်း သိရသည်။

စာမျက်နှာ ၆ သို့ ○



## ယနေ့ ဖတ်စရာအညွှန်း


နေရောင်ခြည်စွမ်းအင်သုံးစက်ကိရိယာဖြင့် လေထဲမှ ရေငွေ့ကို သောက်ရေသန့်အဖြစ် ထုတ်ယူနိုင်
စာမျက်နှာ ၇

အူဂါတီ မန်ချက်စတာယူနိုက်တက်အသင်းတွင် ကျောနံပါတ် ၂၅ ဂျာစီအား ဝတ်ဆင်ကစားမည်
စာမျက်နှာ ၁၁

ကလေးနှင့် သင်ယူမှုအခွင့်အလမ်း (ဆောင်းပါး)
စာမျက်နှာ ၁၇


ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ( ၂၇ ) ရက်သာ လိုတော့သည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၃ ရက်၊ အင်္ဂါနေ့ ။

မန္တလေး နေ့စဉ်

## စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ထိန်းကျောင်းဆောင်ရွက်လျက်ရှိ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင်ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ် ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ပြည်ပမှတင်သွင်းသည့် စားအုန်းဆီဆိပ်ကမ်းအရောက် တန်ဖိုး၊ နိုင်ငံခြားငွေ လဲလှယ်နှုန်းတို့အပေါ်အခြေခံကာ ပြည်တွင်းကုန်ကျစရိတ်များကိုတွက်ချက်၍ တစ်ပိဿာ လက်ကားရည်ညွှန်းဈေးနှုန်းကို နိုင်ငံပိုင်သတင်းစာများ၌ အပတ်စဉ်ထုတ်ပြန်ကြေညာပေးလျက်ရှိကြောင်း၊ ဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ၊ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း အသိပေးထုတ်ပြန်ထားရှိကြောင်း၊ ထုတ်ပြန်ကြေညာထားရှိသည့် ရန်ကုန်အထိုင် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းအပေါ် သယ်ယူပို့ဆောင်ခ၊ အလုပ်သမားခများ ထပ်ပေါင်းပြီး လက်ကား၊ လက်လီ အဆင့်တစ်ဆင့်စီတိုင်း၌ အမြတ်နှစ်ရာခိုင်နှုန်းထက်မပိုဘဲ ဖြန့်ဖြူးရောင်းချရန် ညွှန်ကြားထားရှိကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် တင်သွင်းမှုအပေါ် အခြေခံပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လအလိုက် ဖြန့်ဖြူးရမည့်ပမာဏကို လျာထားသတ်မှတ်ပေးပြီးဖြစ်ကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကုန်ဈေးနှုန်းတည်ငြိမ်ရေး လုပ်ငန်းအဖွဲ့၊ စားသုံးဆီဖြန့်ဖြူးရောင်းချမှုကြီးကြပ်ရေးအဖွဲ့များက သတ်မှတ်နေရာသို့သတ်မှတ်အရေအတွက်အတိုင်း သတ်မှတ်ဈေးနှုန်းဖြင့် စားသုံးသူလက်ဝယ်သို့ မဖြစ်မနေရောက်ရှိစေရေး၊ စနစ်တကျဖြန့်ဖြူးရောင်းချစေရေးနှင့် စားအုန်းဆီတင်သွင်းသည့် လုပ်ငန်းရှင်များ၊ လက်ကား၊ လက်လီများ၏ ဖြန့်ဖြူးရောင်းချမှုများကို ကြီးကြပ်ထိန်းကျောင်းပေးရန်လိုကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက စက်တင်ဘာ ၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ကုန်သွယ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် စားအုန်းဆီတင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးခြင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ဆွေးနွေးပြောကြားခဲ့သည်။

သို့ဖြစ်ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ထိန်းကျောင်းဆောင်ရွက်လျက်ရှိရာ မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူး၍ အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၁/၂၀၂၄)ဖွင့်ပွဲအခမ်းအနား ကျင်းပ



**မန္တလေး စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူး ဖွင့်လှစ်သည့် အခြေခံစက်ချုပ် သင်တန်းအမှတ်စဉ်(၁/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ပိုင်းက မဟာအောင်မြေမြို့နယ် ရှိ တိုင်းဒေသကြီးအမျိုးသမီးရေး ရာအဖွဲ့ရုံးတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ မန္တလေး တိုင်းဒေသကြီး အမျိုးသမီးရေး ရာအဖွဲ့နာယက၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်၏ ဇနီး ဒေါ်မမ၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မီမီစိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲကို အခမ်းအနားအစီအစဉ်အတိုင်းကျင်းပခဲ့ပြီး တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် သင်တန်းတက်ရောက်သည့် သင်တန်းသူများကို ရင်းနှီးစွာ နှုတ်ဆက်အားပေးခဲ့ကြောင်း၊ သင်တန်းကာလ တစ်လဖြစ်ပြီး သင်တန်းသူ ၂၀ ဦး တက်ရောက်သင်ယူလျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၄)**

## ထိုင်းနိုင်ငံမှ မြန်မာ့ပြောင်းကို အခွန်ကင်းလွတ်ခွင့်ဖြင့် ဝယ်ယူမှုပြီးဆုံးပြီဖြစ်၍ ပြောင်းဈေးကျဆင်းနိုင်

**မန္တလေး စက်တင်ဘာ ၂**

မြန်မာ့ပြောင်းများကို ပြည်ပသို့တင်ပို့ရာတွင် ထိုင်းနိုင်ငံသို့ အများဆုံးဖြစ်ပြီး ဖေဖော်ဝါရီမှ ဩဂုတ် ၃၁ရက်ထိ အခွန်ကင်းလွတ်ခွင့်ဖြင့် ဝယ်ယူခြင်းဖြစ်ရာ ယင်းကာလပြီးဆုံးသွားပြီဖြစ်၍ ပြည်တွင်းပြောင်းဈေးကွက်ကျဆင်းနိုင်ကြောင်း ပြောင်းလုပ်ငန်းရှင်အချို့က သုံးသပ်သည်။

ထိုင်းနိုင်ငံသို့ နှစ်စဉ် ဖေဖော်ဝါရီမှ ဩဂုတ် ၃၁ ရက်ထိ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့လျက်ရှိရာ ဩဂုတ် ၂၇ ရက်တွင် ပင်လယ်ရေကြောင်းမှ ထိုင်းနိုင်ငံသို့ နောက်ဆုံးတင်ပို့ခဲ့သည်ဟုဆိုသည်။

"ထိုင်းဖက်ကို အရင်ကတော့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကနေ အများဆုံးတင်ပို့ကြပေမယ့် လမ်းခရီးအခြေအနေအရ ဒီနှစ်မှာ နယ်စပ်လမ်းပိုင်းက တင်ပို့မှုနည်းပြီး ပင်လယ်ရေကြောင်းကနေ အများဆုံးတင်ပို့ခဲ့တယ်။ အခွန်ပေးဆောင်ရရင် ဈေးနှုန်းမကိုက်တာကြောင့် Export သမားတွေ ဝယ်လိုအားနည်းသွားနိုင်လို့ ကာလတစ်ခုအတွင်းမှာ ဈေးကျဆင်းနိုင်တယ်" ဟု ပြောင်းကုန်သည် တစ်ဦးက ပြောသည်။

ပြည်ပသို့ ပြောင်းတန်ချိန် တစ်သန်းခွဲကျော် တင်ပို့ရန် လျာထားသော်လည်း ယခု Export ရာသီတွင် လျာထားချက်ကျော်လွန်ကာ တန်ချိန် ၁ ဒသမ ၈ သန်းခန့် တင်ပို့နိုင်ခဲ့သည်ဟု စီးပွား/ကူးသန်း၏စာရင်းများအရ သိရပြီး လက်ရှိပြည်တွင်းပြောင်းဈေးကွက်တွင် တစ်ပိဿာ ငွေကျပ် ၁၇၀၀ ဝန်းကျင် ပေါက်ဈေးရှိရာမှ အရောင်းအဝယ်အေးကာ ဈေးအနည်းငယ် ကျဆင်းနိုင်ကြောင်း သိရသည်။ **(အောက်ပုံ)**



"စက်တင်ဘာ၊ အောက်တိုဘာမှာ သီပေါ၊ နောင်ချိုစတဲ့ ရှမ်းပြည်နယ်ဒေသအချို့က ပြောင်းတွေ ဈေးကွက်ထဲဝင်လာတော့မယ်၊ အခွန်ကင်းလွတ်ခွင့်မရတော့ ထိုင်းဖက်ကို မတင်ပို့ကြလို့ ဈေးငြိမ်ပြီး အကျဘက်ရောက်နိုင်တယ်။ အိန္ဒိယဖက်ကို ပြောင်းတင်ပို့ဖို့ ဆက်လုပ်ကြမယ်ဆိုတော့ ဈေးကျလည်း အခိုက်အတန့်လောက်ပဲကြာလိမ့်မယ်" ဟု ဆက်လက်ပြောကြားသည်။

ယခုနှစ် ပြောင်းဈေးကွက်တွင် အပြောင်းအလဲမြန်ဆန်ပြီး အတက်ဖက်သို့ ရောက်ရှိခဲ့ရာ ဩဂုတ်လလယ်ထိ ပြောင်းတစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀ကျော် ပေါက်ဈေးရှိကြောင်း၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီလများတွင် ပြောင်းတစ်ပိဿာငွေကျပ် ၉၀၀ ဝန်းကျင်မှ မတ်၊ ဧပြီ တွင် ငွေကျပ် ၁၂၀၀ ဝန်းကျင်၊ ဇွန်၊ ဇူလိုင်တွင် ငွေကျပ်၁၅၀၀ ဝန်းကျင်မှ ဩဂုတ်လ ဒုတိယပတ်မှ စက်တင်ဘာလဆန်းတွင် ငွေကျပ် ၁၇၀၀ ဝန်းကျင်ပေါက်ဈေးရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

၀-၀-၀-၀-၀

## မြို့သာယာလှပရေးအတွက် ရေဆိုးထုတ် အုတ်ရေမြောင်းများ တူးဖော်

**မြစ်သား စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ မြို့မအရှေ့ရပ်ကွက်၊ ကင်းတားဝန်းလမ်းမကြီး ဝဲ၊ ယာ တစ်လျှောက်၌ မိုးရာသီကာလအတွင်း ရေကြီး၊ ရေလျှံမှုများ မဖြစ်ပေါ်စေရန်နှင့် ရေမြောင်းပိတ်ဆို့မှုမရှိစေရန် ရည်ရွယ်၍ ရေဆိုးထုတ်အုတ်ရေမြောင်းများ တည်ဆောက်ခြင်းလုပ်ငန်းကို ယနေ့ နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စတင်ဆောင်ရွက်ပေးလျက်ရှိသည်။

မြစ်သားမြို့နယ် မြို့မအရှေ့ရပ်ကွက်၊ ကင်းတားဝန်း လမ်းမကြီးဝဲ၊ ယာတစ်လျှောက်၌ ရေစီးရေလာ ကောင်းမွန်မှုမရှိခြင်းကြောင့် လမ်းမပေါ်ရေတင်ကာ ရပ်ကွက်နေပြည်သူများ သွားလာရေး အခက်အခဲဖြစ်နေသဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူ၍ အုတ်ရေမြောင်းများ ပြုလုပ်ကာရေစီးရေလာကောင်းမွန်စေရန် ရေဆိုးထုတ် အုတ်ရေမြောင်းတူးဖော်၍ ဆောင်ရွက်ပြီးစီးပါက မိုးတွင်းကာလ ရေစီးရေလာကောင်းမွန်စေမည့်အပြင် လူနေအိမ်များအတွင်း ရေကြီးရေလျှံမှုများ ကင်းဝေးစေမည်ဖြစ်ကာ ရေတိုက်စားမှုကြောင့် လမ်းပျက်စီးမှုများလည်း လျော့နည်းသက်သာစေမည်ဖြစ်ကြောင်း မြစ်သားမြို့နယ်စည်ပင်သာယာရေးအဖွဲ့တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**မြို့နယ်(ပြန်။ဆက်)**

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ ၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် စက်တင်ဘာ ၂

၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

## ရွေးချယ်လေ့ကျင့်

အခမ်းအနားတွင် ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ယနေ့အချိန်အခါတွင် တက္ကသိုလ်အားကစားကဏ္ဍကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်များ၊ နိုင်ငံတော်အကြီးအကဲ၏ အားပေးလမ်းညွှန်မှုများအရ စဉ်ဆက်မပြတ် မြှင့်တင်ပေးလျက်ရှိပါကြောင်း၊ ယခုကျင်းပသည့် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲကို "တက္ကသိုလ်လက်ရွေးစင်မှသည် မြန်မာ့လက်ရွေးစင်ဆီသို့" ဆိုသည့် ဦးတည်ချက်နှင့် ကျင်းပပေးခြင်းဖြစ်ပြီး ယခုပြိုင်ပွဲမှတစ်ဆင့် ထူးချွန်ထက်မြက်သည့် တက္ကသိုလ်ကျောင်းသား အားကစားသမားများကို ရွေးချယ်လေ့ကျင့်ပြီး အာဆီယံ တက္ကသိုလ်များ အားကစားပြိုင်ပွဲ အပါအဝင် နိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြစေမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်နိုင်ငံတော်အတွက် အဓိကစွမ်းအားစုသည် ကျောင်းသား ကျောင်းသူများနှင့် လူငယ်များပင်ဖြစ်ပါကြောင်း၊ လူငယ်များကို အားကစားကဏ္ဍအပါအဝင် ဘက်စုံ၊ ကဏ္ဍစုံတွင် နိုင်ငံ၏ သားကောင်း သမီးကောင်းများ ဖြစ်လာစေရန် နိုင်ငံတော်က ဘက်စုံပညာရေးကို အကောင်အထည်ဖော် ပေးလျက်ရှိပါကြောင်း၊ထို့ကြောင့် ယခုဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသည့် ဝန်ကြီးဌာန အသီးသီးမှ အုပ်ချုပ်သူများ၊ နည်းပြများ၊ ကျောင်းသားအားကစားသမားများ အနေဖြင့် မိမိတို့၏ အရည်အချင်းများကို ဖော်ထုတ်ပြီး တက္ကသိုလ်ကျောင်းသားများ၏ ဂုဏ်သိက္ခာနှင့်အညီ ညီညီညွတ်ညွတ် စည်းကမ်းရှိရှိ၊ ပျော်ပျော်ရွှင်ရွှင်၊ ချစ်ကြည်ရင်းနှီးစွာဖြင့် သန့်သန့်ရှင်းရှင်း ယှဉ်ပြိုင်ကစားကြပြီး တက္ကသိုလ်လက်ရွေးစင်မှသည် မြန်မာ့လက်ရွေးစင်အထိ အောင်မြင်မှုများရရှိစေရန် ကြိုးစားကြစေလိုကြောင်း တိုက်တွန်းပြောကြားရင်း ၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်ကြောင်း ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် တာဝန်ရှိသူတို့သည် ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ မိတ္ထီလာပညာရေးဒီဂရီကောလိပ်မှ ကျောင်းသူများက ပန်းဖွားအကဖြင့် သရုပ်ဖော်ဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် ပြိုင်ပွဲယှဉ်ပြိုင် ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

## အကြိတ်အနယ်ယှဉ်ပြိုင်

ယနေ့ပွဲစဉ်အဖြစ် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကိုယ်စားပြု ဘောလုံးအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ကိုယ်စားပြုဘောလုံးအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကိုယ်စားပြု ဘောလုံးအသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကိုယ်စားပြု ဘောလုံးအသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲကို တက္ကသိုလ်များ၏ ဘောလုံးအားကစား အဆင့်အတန်းကို မြှင့်တင်ရန်၊ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးကို အပြည့်အဝ အထောက်အကူဖြစ်စေရန်၊ အားကစား စိတ်ဓာတ်ကိုအရင်းခံပြီး အချင်းချင်းရင်းနှီးမှု၊ ဖွဲ့ရှိမှု၊ သည်းခံမှု၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ စည်းလုံးညီညွတ်မှု၊ အသင်းအဖွဲ့စိတ်ဓာတ်ရှိမှု၊ စည်းကမ်းဥပဒေ၊ နည်းဥပဒေများကို လေးစားလိုက်နာမှု၊ ယဉ်ကျေးသိမ်မွေ့မှုနှင့် နိုင်ငံ့သားကောင်းများဖြစ်မှုစသည့် ကောင်းမြတ်သော အရည်အသွေးများဖြင့် ပြည့်စုံသည့် ကျောင်းသားကျောင်းသူများ ဖြစ်လာစေရန်၊ တက္ကသိုလ် ဘောလုံးပြိုင်ပွဲမှ ထွက်ပေါ်လာမည့် ထူးချွန်အားကစား သမားများမှသည် နိုင်ငံတော်အတွက် အားထားရသည့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးတို့မှ သက်ဆိုင်ရာဝန်ကြီးဌာန ကိုယ်စားပြု တက္ကသိုလ်များ ဘောလုံးအသင်း ခုနစ်သင်းတို့ပါဝင်ပြီး ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၉ ရက်အထိ ယှဉ်ပြိုင်ကစားသွား ကြမည် ဖြစ်သည်။

ယခု ၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံး ပြိုင်ပွဲတွင် အသင်းလိုက် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ စတုတ္ထဆုနှင့် နေရာအလိုက် တစ်ဦးချင်း အကောင်းဆုံး ဆုများကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသွားမည့်အပြင် ထူးချွန်သည့် ဘောလုံးအားကစားသမားများကို လာမည့် ၂၀၂၆ ခုနှစ် မလေးရှားနိုင်ငံတွင် ကျင်းပမည့် (၂၂)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲအတွက် ဘောလုံးလက်ရွေးစင် အားကစားသမားများအဖြစ် ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

---

**■ ရှေ့ဖုံးမှ**

ပြင်းထန်စွာ ထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်မှုများဖြစ်သည့် အများပြည်သူ အသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ လျှပ်စစ်တာဝါတိုင်များကို ဖောက်ခွဲဖျက်ဆီးခြင်း၊ လူနေထူထပ်သည့် မြို့ရွာများကို အဝေးမှနေ၍ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ Drop Bomb များချ၍ တိုက်ခိုက်ခြင်း၊ အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်း၊ နိုင်ငံတော်ပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကို ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိကြသည်။ ထို့အပြင် နိုင်ငံတော်အတွင်း အခြေပြု၍ နိုင်ငံတော်ကို အကြမ်းဖက်မှုများ ကျူးလွန်လျက်ရှိသည်။

၂။ သို့ဖြစ်ပါ၍ အထက်ပါအကြမ်းဖက်မှုများကို ကျူးလွန်လျက်ရှိသည့် The Myanmar National Democratic Alliance Army (MNDAA) လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့နှင့် Ta'ang National Liberation Army(TNLA) လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့တို့ကို အကြမ်းဖက်အုပ်စုအဖြစ် ကြေညာလိုက်သည်။

ဥက္ကဋ္ဌ

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

---

**❒ အကြမ်းဖက်မှ**

၁။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် United League of Arakan(ULA)/ Arakan Army (AA) လက်နက်ကိုင်အဖွဲ့အား အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ၂၃-၃-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၁/၂၀၂၀)ဖြင့် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခဲ့ပါသည်။ သို့ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက် (၉) ရပ်တို့နှင့်အညီ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေး တည်ဆောက်နိုင်ရန် အတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ၁၁-၃-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၁/၂၀၂၁)ဖြင့် ယင်းအဖွဲ့အား အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားခြင်းမှ ပြန်လည်ရုပ်သိမ်းပေးခဲ့ပါသည်။

၂။ ယခုအခါ အဆိုပါ United League of Arakan(ULA)/ Arakan Army(AA)လက်နက်ကိုင်အဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်မှုဖြစ်သည့် အများပြည်သူ၏ လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကိုဖြစ်စေ၊ အများပြည်သူ သို့မဟုတ် တစ်ဦးတစ်ယောက်အတွက် အရေးကြီးသော အခြေခံအဆောက်အအုံများကိုဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကိုဖြစ်စေ ပြင်းထန်စွာ ထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်မှုများဖြစ်သည့် အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ လျှပ်စစ်တာဝါတိုင်များကို ဖောက်ခွဲဖျက်ဆီးခြင်း၊ လူနေထူထပ်သည့် မြို့ရွာများကို အဝေးမှနေ၍ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ Drop Bomb များချ၍ တိုက်ခိုက်ခြင်း၊ အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်း၊ နိုင်ငံတော်ပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကို ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကိုပြန်လည်ကျူးလွန်လာခဲ့သည့်အပြင် နိုင်ငံတော်အတွင်း အခြေပြု၍ နိုင်ငံတော်ကိုအကြမ်းဖက်မှုများဆက်လက်ကျူးလွန်လျက်ရှိသည်။

၃။ သို့ပါ၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ၁၁-၃-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၁/၂၀၂၁)ဖြင့် ယင်းအဖွဲ့အား အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားခြင်းမှ ပြန်လည်ရုပ်သိမ်းပေးခြင်းကို ပယ်ဖျက်၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာလိုက်သည်။

ဥက္ကဋ္ဌ

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

---

**နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်**

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်ပါသည်။

မိုး/ဧလ

# နိုင်ငံတော်ဩဝါဒါစရိယ၊ မဟာဝိဇိတာရုံစာသင်တိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက ဆရာတော်ကြီးအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးမျိုးအောင် သွားရောက်ဖူးမြော်၊ သုမင်္ဂလာဈေး(ညံတောဈေး)တည်ဆောက်နေမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေး

**မန္တလေး စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုးနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းက ပြင်ဦးလွင်မြို့ အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်၇၀၀) တွင် တက်ရောက်သီတင်းသုံး ဆေးဝါးကုသမှုခံယူနေသည့် မန္တလေးမြို့၊ မဟာဝိဇိတာရုံစာသင်တိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ (သက်တော် ၉၇ နှစ်၊ သိက္ခာတော် ၇၇ ဝါ)အား သွားရောက်ဖူးမြော်ပြီး တပ်မတော်ဆေးရုံမှ တပ်မှူး ဗိုလ်မှူးချုပ် မျိုးသန့် ဦးဆောင်သော ပါရဂူဆရာဝန်ကြီးများက ဆရာတော်ကြီး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်နေမှုအခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဆရာတော်ကြီးအား အာဟာရအားဖြည့်စာများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၂) အတွင်းရှိ သုမင်္ဂလာဈေး(ညံတောဈေး)ကို ခေတ်မီအဆင့်မြင့်အာစီရုံ ဖြစ်ထပ်ဈေးကြီးအဖြစ် တည်ဆောက်နေသည့် လုပ်ငန်းခွင်သို့ရောက်ရှိပြီး Foundationနှင့် မြေအောက်ထပ် ယာဉ်ရပ်နားရန်နေရာပြီးစီး၍ မြေညီထပ်တည်ဆောက်နေမှုလုပ်ငန်းများအား ဇုန်အလိုက်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် စီမံဆောင်ရွက်ထားမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည်ကန်တော်လေး ရေလှောင်ကန်ရေဝပ်ဧရိယာ အထက်ပိုင်း သဲနုန်းတူးဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ကန်တော်လေးရေလှောင်ကန် အတွင်းရေသိုလှောင်ထားရှိမှု၊ ကန်ပေါင်ဆောင်ရွက်ပြီးစီးမှု၊ အများပြည်သူ စိတ်ချမ်းမြေ့စွာ အပန်းဖြေနိုင်ရန် မြေယာရှုခင်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ပြင်ဦးလွင်မြို့တွင်း ဖြတ်သန်းစီးဆင်းနေသည့် ဂဲလောင်းချောင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**













# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးမျိုးအောင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းရှိ ချောင်းကြီး မြောင်းကြီးများ ရေစီးရေလာကောင်းမွန်စေရန် လုပ်ငန်းဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေး

**မန္တလေး စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ ချောင်းကြီး မြောင်းကြီးများ ရေစီးရေလာကောင်းမွန်စေရန် စက်ယန္တရားကြီးများ၊ လူအင်အားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ယနေ့ညနေပိုင်းက လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ကြီးတံခွန်မြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းသွားသော အရှည် ၁၆၄၅၄ ပေ၊ အကျယ် ၁၆ပေရှိ အမှတ်(၆) ရေဆိုးပစ်မြောင်း၏ မြောင်းဘေး ဝဲ၊ ယာ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှု၊ ၁၃၉လမ်းနှင့် ၁၄၀လမ်းကြား၊ လမ်းဘေးရှိရေမြောင်းများမှ အမှိုက်၊ မြောင်းစာများ ဆယ်ယူနေမှုနှင့် အမှတ်(၆) ရေဆိုးပစ်မြောင်းသို့ စီးဝင်နိုင်ရန် စီမံဆောင်ရွက်ထားမှုများကိုလည်းကောင်း၊ ၎င်းနောက် ချမ်းမြသာစည်မြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းနေသည့် ၁၀၇လမ်း၊ ၆၈လမ်းနှင့် ၇၃ လမ်းကြားရှိ ရေမြောင်းအား ရေစီးရေလာကောင်းမွန်ရေး အမှိုက်နှင့် မြောင်းစာများဆယ်ယူနေမှုများကိုလည်းကောင်း၊ ၎င်းနောက် ချမ်းအေးသာစံမြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းနေသည့် ၆၈ လမ်း နှင့် ၃၁လမ်းထောင့် ဌေ တချောင်းမြောင်းနှင့် အဆိုပါမြောင်းအတွင်းစီးဝင်သည့် မြောင်းသွယ်အတွင်းမှ အမှိုက်များနှင့် မြောင်းစာများကို လူအင်အား၊ စက်ယန္တရားအင်အားများ အသုံးပြု၍ ဆယ်ယူနေမှုများအား လိုက်လံကြည့်ရှုစစ်ဆေးရာ စည်ပင်သာယာရေးရာဝန်ကြီး၊ မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းက ဩဂုတ် ၂၉ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့မှုနှင့်မြောင်းများအတွင်း အမှိုက်သရိုက်များကြောင့် မိုးရေများ ကောင်းမွန်စွာ စီးဆင်းနိုင်ခြင်းမရှိခဲ့၍ အနိမ့်ပိုင်းနေရာများတွင် ရေဝပ်ရေလျှံခြင်းများဖြစ်ပေါ်ခဲ့မှု၊ နောင်တွင် မြောင်းများအတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် ရေဝပ်ရေလျှံမှုများ မဖြစ်ပေါ်စေရေး ဆောင်ရွက်သွားမည့်လုပ်ငန်းအစီအမံများနှင့်စပ်လျဉ်း၍ လိုက်ပါရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေဝပ်ရေလျှံခြင်းများ မဖြစ်ပေါ်စေရေး၊ ချောင်းကြီး၊ မြောင်းကြီးနှင့် မြောင်းသွယ်များ ရေစီးရေလာကောင်းမွန်ရေး၊ ရေစီးဆင်းမှုလမ်းကြောင်း ကောင်းမွန်စေရန်အနိမ့်အမြင့်အား လေ့လာ၍ စနစ်တကျဖြစ်စေရေးတို့ကို အလေး ထားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လူနေထူထပ်လာမှု၊ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်လာမှုများကြောင့် ချောင်းကြီး၊ မြောင်းကြီးများနှင့် မြောင်းသွယ်များတွင် ရေစီးဆင်းမှုကို များစွာ အဟန့်အတားဖြစ်သည့်အတွက် ရေစီးရေလာကောင်းမွန်ရေးနှင့် မြို့တော်သန့်ရှင်းသာယာလှပရေးအတွက် အလေးထားဆောင်ရွက်နေရာ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုရရှိလာအောင် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀








သတင်း-စာမျက်နှာ ၄









# အမှတ်(၁၆) ရေတွင်းစက်ရုံ ရေသန့်စင်စနစ်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်း ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပ



**မန္တလေး စက်တင်ဘာ ၂**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာန(၂၀၂၄-၂၀၂၅)ဘဏ္ဍာရေးနှစ် အမှတ်(၁၆) ရေတွင်းစက်ရုံ ရေသန့်စင်စနစ် တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်းလုပ်ငန်း ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ ကမ်းနားလမ်း(၁၆လမ်းနှင့်၁၈လမ်း) ကြားရှိ အမှတ်(၁၆)ရေတွင်းစက်ရုံဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး၊ မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမောင်၊ ကော်မတီဝင်(၁)ဦးမြင့်ဦး၊ ကော်မတီဝင်(၂)ဦးနေလင်းထွန်းနှင့် ဌာနမှူးများ၊ ရေနှင့်သန့်ရှင်းမှုဌာနမှ အရာထမ်း၊ အမှုထမ်းဝန်ထမ်းများ၊ တာဝန်ယူတည်ဆောက်မည့် တင်ဒါအောင် စည်သာနန်းထက်ကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာနှင့် တာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မင်္ဂလာအချိန်တွင် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ရေသန့်စင်စနစ် (Treatment Plant)တည်ဆောက်မည့် မြေနေရာရှိ သတ်မှတ်နေရာအသီးသီး၌ နေရာယူကြပြီး ပန္နက်တိုင်များကို တစ်ပြိုင်တည်းရိုက်သွင်းကြပြီးနောက် အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ ထို့နောက် တက်ရောက်လာကြသူများ အမှတ်တရစုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ စီမံကိန်းရှင်းလင်းဆောင်၌ ရေနှင့်သန့်ရှင်းမှုဌာန ဌာနမှူး ဦးထွန်းဝင်း၊ တာဝန်ယူတည်ဆောက်မည့် စည်သာနန်းထက်ကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာနှင့် တာဝန်ရှိသူများက စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

အမှတ်(၁၆)ရေတွင်းစက်ရုံတွင် ရေအရင်းအမြစ် ဧရာဝတီမြစ်ရေကို (၅၂ပေ×၅၂ပေ×၁၀ပေ) အရွယ်အစားရှိ ဂါလန်(၁ ဒသမ ၅)သိန်းဆံ့ရေလှောင်ကန်တွင် စုဆောင်းပြီး အမြန်ကျသဲရေစစ်ကန် (Rapid Sand Filtration) စနစ်ဖြင့် အဆင့်ဆင့်ဖြတ်သန်းကာ တစ်ရက်လျှင် မြစ်ရေဂါလန်(၁ ဒသမ ၅)သန်းခန့် ရေပမာဏကို သန့်စင်ပေးနိုင်မည့် တည်ဆောက်ရေးလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း စီမံကိန်းလုပ်ငန်းများအား ၂၀၂၅ခုနှစ် ဖေဖော်ဝါရီလကုန်အပြီး တည်ဆောက်သွားမည်ဟု သိရသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ရေတွင်းစက်ရုံ(၁၆)ခုမှ နေ့စဉ်ရေဂါလန်(၄၂)သန်း၊ ပုဂ္ဂလိကစက်ရေတွင်း(၁၀၀)ကျော်ဖြင့် ရေဂါလန်(၄)သန်း စုစုပေါင်းတစ်ရက်လျှင် ရေဂါလန်(၄၆)သန်းခန့် ဖြန့်ဝေပေးနိုင်ပြီး မြို့တော်နေလူထုအတွက် အမှန်တကယ်လုံလောက်သည့် ရေဖြန့်ဝေပေးနိုင်မည့် ရေဂါလန်(၅၁)သန်းရရှိရန် လိုအပ်သည့် ရေဂါလန်(၅)သန်းခန့်အား ဘဏ္ဍာနှစ်အလိုက် တိုးချဲ့၍ ယခုကဲ့သို့ စီမံကိန်းများ ဆက်လက်ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြို့တော်ဝန်က ပြောကြားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့်ပြန်လည်ကုစားရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်

**ပခုက္ကူ စက်တင်ဘာ ၂**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ မူလတန်းကြိုကျောင်း၌ ယနေ့နံနက် ၁၀နာရီက အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်သည်။



ရှေးဦးစွာ ပခုက္ကူခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သန္တာဦးက အလုပ်ရုံဆွေးနွေးပွဲကျင်းပပြုလုပ်ရခြင်း ရည်ရွယ်ချက်များအကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ရည်မွန်ဦးက ကလေးအလုပ်သမားများ၏ အဓိပ္ပါယ်၊ ကလေးအလုပ်သမားအသက်ရွယ်နှင့် အလုပ်ချိန်သတ်မှတ်ချက်များ၊ မြို့နယ်အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ထွေးထွေးခိုင်က ကလေးအလုပ်သမားဆိုင်ရာ ဥပဒေများ၊ ကလေးငယ်များအား အဆိုးရွားဆုံးပုံစံဖြင့် အလုပ်ခိုင်းစေသူများအား အရေးယူအပြစ်ပေးနိုင်သည့် ပြစ်မှု၊ ပြစ်ဒဏ်များ၊ ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းများ၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ချိုချိုမာက ကလေးငယ်၏စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေသည့် အလုပ်အကိုင်အမျိုးအစားများ၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်နုနုဝင်းက သဘာဝဘေးအန္တရာယ်ဖြစ်ပွားစဉ်နှင့် ဖြစ်ပွားပြီးနောက် ကလေးသူငယ်များအား အကာအကွယ်ပေးရေးဆိုင်ရာ နည်းလမ်းများအကြောင်းတို့ကို အသီးသီးရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲတက်ရောက်လာသူများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး ကလေးအလုပ်သမားဥပဒေနှင့် ပတ်သက်သော အသိပညာပေးပို့စတာများ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(၃၄၀)

# အသက်(၂)နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေး

**ကျောက်ဆည် စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့နယ်တွင် အသက်(၂)နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ကာကွယ်ဆေးများတိုက်ကျွေးခြင်းကို ယနေ့နံနက် ၁၁နာရီက မင်းရပ်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို ခရိုင်ပြည်သူ့ဆေးရုံကြီးနှင့် ရပ်ကွက်၊ ကျေးရွာများတွင် ဆေးထိုးစုရပ်များခွဲပြီး အပတ်စဉ်နေ့ရက်များသတ်မှတ်၍ ပုံမှန်ကာကွယ်ဆေးထိုးခြင်း၊ ဆေးတိုက်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ကာကွယ်ဆေးများကို သတ်မှတ်ထားသောအကြိမ်နှင့် သတ်မှတ်ထားသော အသက်အရွယ်တွင် ဆေးထိုး၊ ဆေးတိုက်ပေးနိုင်မှသာလျှင် ကလေးငယ်များအတွက် အဆုတ်ရောင်ကာကွယ်ဆေး၊ ငါးမျိုးစပ်၊ ဆုံဆို့နာရောဂါ၊ ကြက်ညှာ ချောင်းဆိုးရောဂါ၊ မေးခိုင်ရောဂါ၊ အသည်းရောင်အသားဝါ(ဘီ)ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါ၊ ပြင်းထန် အဆုတ်ရောင်ရောဂါ၊ ပိုလီယိုအကြောသေရောဂါ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါတို့မှ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံခြင်း၊ တိုက်ကျွေးခြင်းများကို မြို့နယ်အတွင်းရှိ အသက်(၂)နှစ်အောက် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးဝန်ထမ်း ဆရာမများက အဖွဲ့များခွဲ၍ မြေပြင်ကွင်းဆင်းကာ ရပ်ကွက်၊ ကျေးရွာများရှိ စုရပ်အသီးသီးတွင် ကာကွယ်ဆေးထိုးနှံခြင်း၊ တိုက်ကျွေးခြင်းများကို ဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။

**စုစုအေး(ကျောက်ဆည်)**

ဝ-ဝ-ဝ-ဝ-ဝ



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

မိုး/ဧလ

လျှပ်စစ်သုံးလျှင် သတိမူဉ်
ဝန်အားမမျှ
မသုံးရ။

## ❍ ညောင်ဦးမြို့နယ်မှ

ပဲစင်းငုံအပင်သက်တမ်းသည် ရှစ်လ၊ ခုနှစ်လကျော် ကြာမြင့်ပြီး အဖူး၊ အပွင့်ပွင့်ချိန်သည် တော်သတင်းလ၊ သီတင်းကျွတ်လတွင် ပွင့်ကြောင်း အပွင့်ပွင့်ချိန် မိုးသည်းရိုက် မိုးရွာသွန်းမှုများပါက အသီးသီးနှုန်း လျော့နည်းသွားနိုင်ကြောင်း အပွင့်ပွင့်ချိန် မိုးမရွာပါက ပဲစင်းငုံရဖို့ သေချာကြောင်း သိရသည်။ ပဲစင်းငုံ ခုတ်သိမ်းချိန်သည် ပြာသိုလ၊ တပို့တွဲလတို့တွင် ခုတ်သိမ်းလေ့ရှိပြီး ခုတ်ထားသည့် ပဲစင်းငုံကိုင်းများ လက်တစ်နိုင်စာကိုင်ပြီး ပဲစင်းငုံခါစင်(ပီပါ၊ အမာခံ)ခံကာ ရိုက်ချပြီး အစေ့သပ်သပ်၊ ပဲရိုင်း၊ ပဲမှော်သပ်သပ် ခွဲခြားကာ ပဲစင်းငုံသိမ်းခြင်း ပြီးကြောင်း သိရသည်။

(၄၈၁)

ဝ-ဝ-ဝ-ဝ-ဝ

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Spartacus; House of Ashur ဇာတ်လမ်းတွဲသစ် ရိုက်ကူးရေးစတင်




ရောမဇာတ်လမ်းတွဲ Spartacus ကို ဆယ်စုနှစ်ကြာမှ Spartacus; House of Ashur အဖြစ် ဇာတ်လမ်းတွဲသစ် ထပ်မံထုတ်လုပ်ကာ ရိုက်ကူးရေးစတင်နေပြီဖြစ်သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် အပိုင်းဆယ်ပိုင်း ပါဝင်ထားပြီး ဒါရိုက်တာ စတီဗင်အက်စ်ဒီနိုက်က ထုတ်လုပ်ထားကာ မူရင်းသရုပ်ဆောင် နစ်တာရာဘေးက အဓိကသရုပ်ဆောင်အဖြစ် ဆက်လက်ပါဝင်ထားပြီး ပါဝင်မည့်သရုပ်ဆောင်များ စာရင်းကို ထပ်မံကြေညာထားသည်။

ယင်းဇာတ်ကားမှာ ရိုက်ကူးရေးစတင်နေပြီဖြစ်ပြီး Spartacus;Vengeance နှင့် ပတ်သက်မှုရှိကာ ပြသရက်ကို မသိရသေးဟု ဆိုသည်။

(SKY)

## Jin@Kim Seok Jin ကို FRED Jewellery များနှင့် မြင်တွေ့ရ

BTS အဖွဲ့ဝင် Jin ခေါ် Kim Seok Jin သည် FRED Jewellery အမှတ်တံဆိပ်၏ သံတမန်တစ်ဦးအဖြစ် ရွေးချယ်ခံရပြီး လက်ဝတ်ရတနာများ ဆင်မြန်းထားရာ ရိုးရှင်းဆန်းသစ်စွာ မြင်တွေ့ကြရသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ လက်ဝတ်ရတနာများမှာ ဒီဇိုင်းနှင့် အရည်အသွေးကောင်းသော သတ္တုပစ္စည်းများ အသုံးပြုထား၍ နာမည်ကျော်ကြားကာ Jin က Force 10 Collection ဖြစ်သည့် ဆွဲသီး၊ လက်ကောက်၊ လက်စွပ်နှင့် နာရီလက်ပတ်ကြိုးတို့ကို ဝတ်ဆင်ပြသထားသည်။



Jin ကို ပရိသတ်များက World Wide Handsome နှင့်အညီ ချောမောသောမျက်နှာနှင့် တောက်ပနေသော နတ်သားလေး၊ နိုင်ငံ့ဂုဏ်ဆောင် အချစ်တော်လေးအဖြစ် မှတ်ချက်ပေးထားကြသည်။

Jin က လက်ဝတ်ရတနာများနှင့် လိုက်ဖက်မှုရှိ၊ မရှိ စမ်းဝတ်ကြည့်ရာမှ ယုံကြည်မှုတိုးသလိုခံစားရ၍ လူတိုင်းနှင့်လိုက်ဖက်သည့် FRED ကို ကျေးဇူးတင်သည်ဟု ပြောကြားထားသည်။ (SKY)

## တရုတ်အနုပညာရှင် Ai Mi အနာဂတ်မျိုးဆက်တွင် တောက်ပလာသူဖြစ်

တရုတ်အနုပညာလောက၏ ရတနာဟု တင်စားခံရသည့် မင်းသမီး Ai Mi သည် အသက်(၁၆)နှစ်သာရှိသေးပြီး အနာဂတ်မျိုးဆက်တွင် တောက်ပလာမည့်သူဟု မှတ်ချက်ပေးထားကြသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Ai Mi သည် အသက်ခြောက်နှစ်နှင့် ကလေးသရုပ်ဆောင်အဖြစ် Heavenly Sword and Dragon Slaying Saber တွင် ပါဝင်ခဲ့ပြီး Who Rules The World, The Blood of Youth, Destined, The Double စသည့် နာမည်ကျော် ဇာတ်ကားများတွင် ဇာတ်ပို့ဇာတ်ရံအဖြစ် ပါဝင်ခဲ့သည်။

Ai Mi ပါဝင်ထားသည့် Shui Long Yin, Fangs of Fortune, Love of The Divine Tree, The Rise of Ning, Feng Yin Ran Mei Xaing စသည့် ဇာတ်ကားများနှင့်လည်း ပရိသတ်စိတ်ဝင်စားမှုရရှိထားကာ ၂၀၀၈ ခုနှစ်ဖွားဖြစ်၍ အသက်(၁၆)နှစ်နှင့် အနာဂတ်မျိုးဆက်တွင် တောက်ပလာမည့်သူဟု ပရိသတ်သတ်မှတ်ချက်ပေးထားကြသည်။

(SKY)






## The Boys ဇာတ်လမ်းတွဲကို ရုပ်ရှင်အဖြစ် ဖန်တီးရန် အကြံပေးခံရ

စူပါဒရမ်မာဇာတ်လမ်းတွဲဖြစ်သည့် The Boys သည် အပိုင်းငါးအထိ ထွက်ရှိထားရာမှ ဇာတ်ကားသရုပ်ဆောင် Laz Alonso က ရုပ်ရှင်အဖြစ် ဖန်တီးရန် အကြံပေးထားသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားကို အပိုင်းငါးနှင့် အဆုံးသတ်ရန် တရားဝင်အတည်ပြုထားပြီးသော်လည်း သရုပ်ဆောင် Laz Alonso က သူ့အမြင်ကို အကြံပေးခဲ့ရာ အပိုင်းငါးကို သည်းထိတ်ရင်ဖိုနှင့် အဆုံးသတ်ပြီး နောက်ထပ်ရုပ်ရှင်ကားကြီးတစ်ကားအဖြစ် ဖန်တီးစေချင်သည်ဟု ဆိုသည်ကို Happy Sad Confused ဆိုသည့် Podcast အစီအစဉ်တွင် ပြောကြားထားသည်။

ပရိသတ်အားပေးမှု တစ်ခဲနက်ရရှိထားသည့် ယင်းဇာတ်လမ်းတွဲတွင် Karl Urban, Antony Starr, Laz Alonso တို့ အပါအဝင် သရုပ်ဆောင်များစွာနှင့် စွမ်းအားလွန် စူပါလူသားများကို အမြစ်ဖြတ်ရှင်းလင်းရန် ကြိုးစားသည့် အဖွဲ့အကြောင်း ဖြစ်သည်။

(SKY)



## နေရောင်ခြည်စွမ်းအင်သုံး စက်ကိရိယာဖြင့် လေထဲမှရေငွေ့ကို သောက်ရေသန့်အဖြစ် ထုတ်ယူနိုင်

အမေရိကန်ပြည်ထောင်စု ဆန်ဖရန်စစ္စကိုမြို့တွင် အခြေစိုက်သည့် အကွာရီယာနည်းပညာများကုမ္ပဏီက ကိုယ်ပိုင်နည်းပညာဖြင့် လေထဲမှရေငွေ့ကို သောက်ရေသန့်အဖြစ် ထုတ်ယူနိုင်ကြောင်း သက်သေပြခဲ့သည်။

၂၀၂၂ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော အဆိုပါကုမ္ပဏီက တစ်ကိုယ်ရေသုံးနှင့် အများသုံးရေသန့်ထုတ်စက်နှစ်မျိုးတီထွင်ပြုလုပ်ကာ အမေရိကန်ပြည်ထောင်စုတစ်ဝန်း ဖြန့်ဖြူးရောင်းချခဲ့သည်။

တစ်ကိုယ်ရေသုံးနှင့် အိမ်သုံးရေသန့်ထုတ်စက်မှ တစ်ရက်လျှင် သောက်ရေသန့် ၂၄ ဂါလန်အထိလည်းကောင်း အများသုံးရေသန့်ထုတ်စက်မှ တစ်ရက်လျှင် သောက်ရေသန့် ၂၆၄ ဂါလန်အထိလည်းကောင်း ထုတ်လုပ်ပေးနိုင်ကြောင်း သိရသည်။

SCI

## Li Xian ပရိသတ်ကြား ရေပန်းစားသော အနုပညာရှင်ဖြစ်

တရုတ်အနုပညာရှင်များ ပရိသတ်ကြား ရေပန်းစားမှု တဖြည်းဖြည်းမြင့်တက်လာကြရာ လီရှန်လည်း ပါဝင်ပြီး ထိပ်ဆုံးစာရင်းဝင်ဖြစ်နေသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



လီရှန့်သည် Go Go Squid နှင့် ၂၂ ရက်အတွင်း ပရိသတ်အားပေးမှု တစ်ခဲနက်ရရှိထားပြီး ကြိုက်နှစ်သက်သူ ဆယ်သန်းကျော်နှင့် စံချိန်တင်ထားကာ ဂေါင်ဂျွန်က Word of Honor နှင့် ရှစ်သန်းကျော်ရရှိထားသည်။

မင်းသမီးယောင်ဇီက Ashes of Love နှင့် ခြောက်သန်းကျော်၊ ရှောင်းကျန့်က The Untamed နှင့် ခြောက်သန်းကျော်ရရှိထားကြသည်။

ရာဇဝင်ဇာတ်လမ်းတွဲ The Sroty of Yan Xi Palace နှင့် ချာမနီရှန်က လေးသန်းကျော်၊ Diamond Lover နှင့် ဒီလ်ရီဘာဒီမူရတ်က လေးသန်းကျော်၊ ဝမ်ဟီဒီက Love Between Fairy and Devil နှင့် သုံးသန်းကျော်၊ယောင်ယောက်က Love @20 နှင့် သုံးသန်းကျော်နှင့် ၂၀၂၄ ခုနှစ်ဇာတ်လမ်း The Double နှင့် ဝမ်ရှင်ယီက တစ်သန်းကျော်တိုးခဲ့ပြီး ဆယ်ဦးစာရင်းဝင်ခဲ့သည်။

(SKY)

## Captain America: Brave New World ဝေဖန်မှုနှင့် ကြုံတွေ့ရ

Marvel Studio ၏ စတုတ္ထမြောက် Captain America ရုပ်ရှင်သစ် Captain America: Brave New World မှာ နမူနာပြသပြီး ထွက်ရှိလာမည်ဖြစ်ရာ ဝေဖန်မှုများနှင့် ကြုံတွေ့နေရသည်ဟု ဟောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

ဒါရိုက်တာ ဂျူလီယန်အွန် ရိုက်ကူးထားပြီး ပထမဆုံး နမူနာထွက်ရှိလာရာမှ အငြင်းပွားမှုများ စတင်ပေါ်ပေါက်လာကာ အစ္စရေးဇာတ်ပို့ဇာတ်ကောင်ဝေဖန်မှုများနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

အစ္စရေးပါလက်စတိုင်း အရေးအခင်းသည် လက်ရှိအနောက်နိုင်ငံများတွင် ရိုက်ခတ်နေသော ကိစ္စဖြစ်ပြီး ယင်းအရေးအခင်းမှာ ဟောလိဝုဒ်ရုပ်ရှင်ပေါ်ထိ သက်ရောက်မှုရှိခဲ့သဖြင့် အချို့က သပိတ်မှောက်ရန် ပြင်ဆင်နေကြသည်။

ရိုက်ကူးရေးဘတ်ဂျက်ပမာဏများစွာ အသုံးပြုထားသဖြင့် Disney နှင့် Marvel Studio အတွက် ထိခိုက်မှုရှိလာနိုင်သည်ကို တွေ့ရသည်။



(SKY)

0 - 0 - 0 - 0 - 0

# အစိုးရအဖွဲ့သစ် ဖွဲ့စည်းပြီးဖြစ်သည်ဟု ထိုင်းဝန်ကြီးချုပ် ပေတုန်တန် အတည်ပြု



**ဘန်ကောက် စက်တင်ဘာ ၂**

အစိုးရအဖွဲ့သစ် ဖွဲ့စည်းပြီးဖြစ်သည်ဟု ထိုင်းဝန်ကြီးချုပ် ပေတုန်တန်ရှီနာဝါထရာ စက်တင်ဘာ ၂ ရက်က အတည်ပြုပြောကြားလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုသို့ ဖွဲ့စည်းပြီးသော အစိုးရဝန်ကြီးအဖွဲ့ကို ရှေ့အပတ်တွင် ထိုင်းဘုရင်က လက်ခံအတည်ပြုပေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ရှင်းလင်းပြောကြားသည်။

စက်တင်ဘာလလယ်လောက်မှ အစိုးရဖွဲ့စည်းပြီးနိုင်ဖွယ်ရှိသည်ဟု ထိုင်းအိမ်စောင့်အစိုးရအကြီးအကဲအချို့ သြဂုတ်လအတွင်းက ခန့်မှန်းခဲ့သော်လည်း ယခု ဆောလျင်စွာ ပြီးစီးခဲ့ခြင်းဖြစ်သည်။

ဘဏ္ဍာရေးနှင့် နိုင်ငံခြားရေးဝန်ကြီး ပြောင်းလဲမည်မဟုတ်ဘဲ ကျန်ဝန်ကြီးနှင့် ဒုတိယဝန်ကြီး ၁၁ ဦးသည် လူသစ်များ ဖြစ်နိုင်ကြောင်း ပြည်တွင်းသတင်းမီဒီယာများတွင် သုံးသပ်ခန့်မှန်းကြသည်။

ထိုင်းနိုင်ငံ၏ အသက်အငယ်ဆုံးဝန်ကြီးချုပ်ဖြစ်သော ၃၈ နှစ်အရွယ် ပေတုန်တန်ရှီနာဝါထရာ ဦးဆောင်မည့် အစိုးရသစ်က အတိုက်အခံ ဒီမိုကရက်တစ်ပါတီကို ညွန့်ပေါင်းထဲတွင် ထည့်သွင်းထားသည်မှာ ထူးခြားကြောင်း သိရသည်။ **Mon**

---

INTERNATIONAL NEWS

နိုင်ငံတကာသတင်းများ



# ရေအောက်ကြမ်းပြင်ရှိ တိုက်တန်းနစ်သင်္ဘောကြီး တစ်နှစ်ထက်တစ်နှစ် ပိုမိုယိုယွင်းပျက်စီးလာ

**လန်ဒန် စက်တင်ဘာ ၂**

အတ္တလန္တိတ်သမုဒ္ဒရာရေအောက်ကြမ်းပြင်ရှိ သမိုင်းဝင်တိုက်တန်းနစ်သင်္ဘောကြီးသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုယိုယွင်းပျက်စီးလာလျက်ရှိကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၁၉၁၂ ခုနှစ် ဧပြီလတွင် နစ်မြုပ်ခဲ့သော ထိုသင်္ဘောကြီးသည် လှိုင်းလေများအောက်၌ နှစ် ၁၀၀ ကျော်ကြာ ငြိမ်သက်နေခဲ့ပြီးနောက် မတည်မြဲသောအနိစ္စသဘောကို ထင်ဟပ်ပြခဲ့သည်။

လွန်ခဲ့သော ၂၀၁၉ ခုနှစ်တွင် လူစွန့်စား ဗစ်တာဗက်စကိုဗို ဦးဆောင်သော ရေငုပ်သမားများက ထိုသင်္ဘောကြီး၏အပျက်အစီးများကို ဗီဒီယိုရိုက်ကူးကာ စတင်မှတ်တမ်းတင်ခဲ့ကြသည်။

ထို့နောက် အတ္တလန္တိတ်ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီက ၂၀၂၂ ခုနှစ်တွင် ရေမျက်နှာပြင်အောက် မီတာ ၃၈၀၀၀ ခန့်အကွာရှိ တိုက်တန်းနစ်သင်္ဘောကြီး၏ အသေးစိတ်ပုံရိပ်များကို မှတ်တမ်းတင်ရုပ်ရှင်ရိုက်ကူးခဲ့သည်။

အဆိုပါမှတ်တမ်းအသီးသီး၌ ပြသသော ပုံရိပ်များအပေါ်အခြေခံ၍ တိုက်တန်းနစ်၏ ယိုယွင်းပျက်စီးလာမှုများကို နှိုင်းယှဉ်တွေ့မြင်ရခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

---

# ကွယ်လွန်သူ အီရန်သမ္မတဟောင်း၏ ရဟတ်ယာဉ် ရာသီဥတုဆိုးရွားမှုကြောင့် ပျက်ကျခဲ့ခြင်းဖြစ်

**တီဟီရန် စက်တင်ဘာ ၂**

ကွယ်လွန်သူ အီရန်သမ္မတဟောင်း အီဘရာဟင်မ်ရိုင်ဆီ၏ ရဟတ်ယာဉ် ရာသီဥတုဆိုးရွားမှုကြောင့် ပျက်ကျခဲ့ခြင်းဖြစ်သည်ဟု အီရန်အစိုးရက စက်တင်ဘာ ၁ ရက်တွင် အတည်ပြုလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

လွန်ခဲ့သော မေ ၁၉ ရက်က ဖြစ်ပွားခဲ့သော ထိုရဟတ်ယာဉ်ပျက်ကျမှုကို အီရန်စစ်ဘက်ဆိုင်ရာ အင်ဂျင်နီယာများ စစ်ဆေးပြီးနောက် အခင်းဖြစ်ပွားစဉ် စက်ပိုင်းဆိုင်ရာချွတ်ယွင်းမှု မရှိဟု အစီရင်ခံတင်ပြခဲ့သည်။

အခင်းဖြစ်နေရာ တောင်တန်းဒေသတွင် နွေရာသီမြူနှင်းများ ဆိုင်းနေခဲ့ခြင်းကို ရာသီဥတုဆိုးရွားမှုဟု ဆိုလိုခြင်းဖြစ်ကြောင်း သိရသည်။ **Mon**





# ဂျာမနီနိုင်ငံအရှေ့ပိုင်း သူရင်ဂျီယာပြည်နယ်တွင် လက်ယာယိမ်း အေအက်ဖ်ဒီပါတီ ရွေးကောက်ပွဲအနိုင်ရ

**ဘာလင် စက်တင်ဘာ ၂**

ဂျာမနီနိုင်ငံအရှေ့ပိုင်း သူရင်ဂျီယာပြည်နယ်တွင် စက်တင်ဘာ ၁ ရက်က လက်ယာယိမ်းအေအက်ဖ်ဒီပါတီ ရွေးကောက်ပွဲအောင်နိုင်ခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အဆိုပါ ဒေသဆိုင်ရာရွေးကောက်ပွဲတွင် အဓိကပြိုင်ဘက် ကွန်ဆာဗေးတစ်ပါတီက ထောက်ခံမဲ ၂၄ ဒသမ ၅ ရာခိုင်နှုန်းသာ ရရှိခဲ့ပြီး အေအက်ဖ်ဒီပါတီက ၃၃ ဒသမ ၅ ရာခိုင်နှုန်း ရရှိခဲ့သည်။

နယ်နိမိတ်ချင်းထိစပ်နေသော ဂျာမနီအရှေ့ပိုင်း ဆာဇိုနီပြည်နယ်တွင်မူ ကွန်ဆာဗေးတစ်ပါတီက ထောက်ခံမဲ ၃၂ ရာခိုင်နှုန်း ရရှိခဲ့သည်။

ယခင်က ကွန်မြူနစ်အစိုးရလက်အောက်တွင် ၃၅ နှစ်ကြာ အုပ်ချုပ်ခံခဲ့ရသည့် ယင်းပြည်နယ်နှစ်ခုတွင် ဒုတိယကမ္ဘာစစ်နောက်ပိုင်း လက်ယာဝါဒကို ပိုမိုလက်ခံလာကြောင်း သိရသည်။ **Mon**

၀-၀-၀-၀-၀

STOP

AIDS



၂၀၂၄ ခုနှစ် နိုင်ဂျီးရီးယားမယ် သရဖူဆောင်းခဲ့သော အသက် ၂၃ နှစ်အရွယ် တောင်အာဖရိက အလှမယ် ချီဒင်မ်မာအဒက်ရှီနာကို တွေ့ရစဉ်။ **Mon**

# ယိုကိုဟားမားမြို့လယ် ကုန်တိုက်ပေါ်မှ ခုန်ချသူ လမ်းသွားနေသူပေါ် ပြုတ်ကျ၊ နှစ်ဦးစလုံး သေဆုံး

**တိုကျို စက်တင်ဘာ ၂**

စက်တင်ဘာ ၁ ရက်က ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့လယ် တစ်နေရာတွင် အထပ်မြင့်ကုန်တိုက်ပေါ်မှ ခုန်ချမှုဖြစ်ပွားခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ခုန်ချသော အသက် ၁၇ နှစ်အရွယ် အမျိုးသမီးသည် လမ်းသွားနေသော အသက် ၃၂ နှစ်အရွယ် အမျိုးသမီးအပေါ်ပြုတ်ကျပြီး နှစ်ဦးစလုံး သေဆုံးခဲ့သည်။

၎င်းတို့နှစ်ဦးကို ဆေးရုံသို့ ချက်ချင်းခေါ်ဆောင်ပြီး ဆေးကုသပေးခဲ့သော်လည်း ရှေ့ဆင့်နောက်ဆင့် သေဆုံးသွားခဲ့ကြောင်း သိရသည်။ **Mon**



# ယာဂီမုန်တိုင်းပြင်းထန်စွာ တိုက်ခတ်ပြီး ဖိလစ်ပိုင်၌ မိုးသည်းထန်၊ ရေကြီးမှုဖြစ်ပွား

**မနီလာ စက်တင်ဘာ ၂**

ယာဂီဟု အမည်ပေးထားသော အပူပိုင်းမုန်တိုင်း ယခင်အပတ်နှောင်းပိုင်းက ပြင်းထန်စွာ တိုက်ခတ်ပြီးနောက် ယခုအခါ ဖိလစ်ပိုင်နိုင်ငံအနှံ့အပြား၌ မိုးသည်းထန်၊ ရေကြီးမှုဖြစ်ပွားလျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယင်းမုန်တိုင်းသည် စက်တင်ဘာ ၁ ရက် ညပိုင်းက အင်အားပြင်းထန်စွာဖြင့် ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့သည်။ မနီလာမြို့တော်အရှေ့တောင်ဘက် ဘီကောလ်ဒေသအတွင်းသို့လည်း ယာဂီမုန်တိုင်း အရှိန်အဟုန်ဖြင့် ဝင်ရောက်လာခဲ့သည်။



လူဇုန်ကျွန်းအရှေ့မြောက်ဘက် ကမ်းရိုးတန်းတစ်လျှောက်တွင် မြေပြိုမှုများဖြစ်ပွားကာ ပျက်စီးမှုအခြေအနေဆိုးရွားခဲ့သည်။

ရေကြီးမှုကြောင့် အသွားအလာခက်ခဲသဖြင့် မနီလာနှင့် အခြားမြို့ကြီးများတွင် စက်တင်ဘာ ၂ ရက်က စာသင်ကျောင်းများနှင့် အစိုးရရုံးဌာနများကို ပိတ်ထားကြောင်း သိရသည်။ **Mon**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ရန်ကုန်-မန္တလေးအမြန်လမ်းတွင် ယာဉ်တိမ်းမှောက်မှု ဖြစ်ပွား



**နွားထိုးကြီး စက်တင်ဘာ ၂**

ရန်ကုန် - မန္တလေးအမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ်(၃၁၁/၆)အနီးတွင် စက်တင်ဘာ ၂ ရက် နံနက် ၅ နာရီ ၄၅ မိနစ်ခန့်က ခရီးသည်တင်ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် နွားထိုးကြီးမြို့နယ်၊ အမြန်လမ်းမီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ သနင်္ဘမီးသတ်တပ်ဖွဲ့ဝင်များဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ခဲ့သည်။

အဆိုပါယာဉ်မတော်တဆမှုဖြစ်စဉ်ကြောင့် အမျိုးသား၈ဦး၊ အမျိုးသမီး ၁၇ ဦး စုစုပေါင်း၂၅ ဦး အနက်ယာဉ်ပေါ်ပါ အမျိုးသား ၁ ဦး(သေဆုံး)၊ အမျိုးသား နှစ်ဦး ထိခိုက်ဒဏ်ရာ(မစိုးရိမ်ရ)နှင့် အမျိုးသမီး ခုနစ်ဦး ထိခိုက်ဒဏ်ရာ (မစိုးရိမ်ရ)တို့အား ဟိန္ဒူမျိုးဆက်သစ်လူမှုကူညီရေးအသင်း လူနာတင်ယာဉ်ဖြင့် မိတ္ထီလာပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကူညီပေးခဲ့ကြောင်း သိရသည်။**(အပေါ်ဝဲပုံ)**

(ဝ၄၅)



## ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ကျောက်ဆည် စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့နယ်၌ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ရက်တွင် ကျရောက်မည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရွှေစေတီဘိုးဘွားရိပ်သာတွင် ယနေ့နံနက် ၇ နာရီက မြို့နယ်ရဲတပ်ဖွဲ့မှ ပြည်သူ့အကျိုးပြုစုပေါင်းသန့်ရှင်းရေး လုပ်ငန်းများဆောင်ရွက်ခဲ့သည်။

စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုးမိုး ဦးဆောင်မှုဖြင့် ရဲအရာရှိများ၊ တပ်ဖွဲ့ဝင်များ၊ စုစုပေါင်း ၄၅ ဦးမှ ကျောက်ဆည်မြို့၊ ကြက်မင်းတွန်ရပ်ကွက်၊ ရွှေစေတီဘိုးဘွားရိပ်သာဝန်းအတွင်း၊အပြင်နေရာများမှ နွယ်မြက်သစ်ပင်ချုံနွယ်များအား စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၄စ၅)

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ စက်တင်ဘာ ၁ ရက် ညနေ ၃ နာရီခွဲတွင် တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက်၊ (၄)လမ်းတွင် လော်မိုဆိုသူမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်အတွင်း သိုဝှက်သယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၂၀,၀၀၀ ပြားနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် လော်မို(၂၂)နှစ်ဆိုသူအား တာချီလိတ်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ)**



**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## KTV/ CLUB/ BAR နှင့် စားသောက်ဆိုင်များသို့ စိတ်ပြောင်းဆေးဝါးဖြန့်ဖြူးရောင်းချနေသူအား ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁ ရက် ည၇နာရီ ၃၅မိနစ်က သက်သေများနှင့်အတူ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ ၇၃လမ်း၊ ၁၀၇လမ်းနှင့် ၁၀၈လမ်းကြား၌ KTV/ CLUB/BAR နှင့် စားသောက်ဆိုင်များတွင် လူငယ်များအား အန္တရာယ်ဖြစ်စေသည့် စိတ်ပြောင်းဆေးဝါးများ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သတင်းရရှိထားသူ စိန်မြင့်(ခ)အားသာဆိုသူအား စိတ်ပြောင်း ဆေးဝါး Happy Water အလေး ချိန် ၅၀၀ဂရမ်၊ လက်ကိုင်ဖုန်း တစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် စိန်မြင့်(ခ) အားသာ (၂၅)နှစ်ဆိုသူအား အမှတ်(၁၁)နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် ယာဉ်များသိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃၀ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့လုပ်ငန်းသုံးပစ္စည်းကိုမျိုး သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၃၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကွဲတပ်ဆုံ စစ်ဆေးရေးစခန်း၌ တောင်ကြီးမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုးနှင့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီးကိုလည်းကောင်း၊ ပုသိမ်ကြီးမြို့နယ် ထုံးဘိုကတ္တားဂိတ်အနီး၌ မိုင်းလားမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းရှစ်မျိုးနှင့် လုပ်ငန်းသုံးပစ္စည်း ၁၀ မျိုး အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck နှစ်စီးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာ ဩဂုတ် ၃၀ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ နေပြည်တော်သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Golden Dragon Bus တစ်စီးကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုးကိုလည်းကောင်း၊ MITT ဆိပ်ကမ်း၌ ကုန်သေတ္တာကိုးလုံးအတွင်းမှ ပင်ရင်းနိုင်ငံ ကွဲလွဲနေသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုးကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(သွင်းကုန်)၌ တရားဝင်တင်သွင်းခွင့် အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုးကိုလည်းကောင်း၊ ဩဂုတ် ၃၁ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၃၉ လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာ ပါရှိလာသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီ လုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၂၈-၈-၂၀၂၄ ရက်နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၂၀-၅-၂၀၂၄ ရက်နေ့မှ ၁၆-၈-၂၀၂၄ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်တစ်ဦးနှင့် အထွေထွေ ၂၄ ဦး ပေါင်း ၂၅ ဦးအား အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၇၈ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၄၅၅ ဦးနှင့် သတင်းအေဂျင်စီ လုပ်ငန်း ၄၀၉ ဦး စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၅၆၂ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်အဖြစ် တင်မြှောက်ခံရသူများစာရင်းကို ဖြည့်စွက်ပြင်ဆင် အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်အဖြစ် တင်မြှောက်ခံရသူများနှင့် ရွေးချယ်တင်မြှောက်ပွဲတွင် ပါဝင်အရွေးချယ်ခံခွင့်ရှိသူများစာရင်းကို ၂၃-၈-၂၀၂၄ ရက်နေ့တွင် နိုင်ငံပိုင်သတင်းစာများ၌ အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ပြန်ကြားရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့နှင့် ညှိနှိုင်း၍ သတင်းမီဒီယာနည်းဥပဒေများ နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ(က)နှင့်အညီ ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်(၂/၂၀၂၄) အား ၃၀-၈-၂၀၂၄ ရက်နေ့တွင် ညွှန်ကြားချက်(၃/၂၀၂၄)ဖြင့် ပြင်ဆင်ထုတ်ပြန်ခဲ့ပါသည်။

၃။ သတင်းမီဒီယာနည်းဥပဒေများ နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ(က)နှင့်အညီ ပြင်ဆင်ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်(၃/၂၀၂၄)အရ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအသစ်ဖွဲ့စည်းရန် ကောင်စီဝင်အရေအတွက် အချိုးအစားအရ နယ်ပယ်ကိုယ်စားပြုသူ(၁၁)ဦး၏ အမည်စာရင်းကို အောက်ပါအတိုင်း ဖြည့်စွက်ပြင်ဆင် အသိပေးကြေညာအပ်ပါသည်-

| | | |
|---|---|---|
| (က) | ဒေါက်တာတင်အောင်နိုင် | မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂ |
| (ခ) | ဦးသိုက်ထွန်း | မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်း |
| (ဂ) | ဒေါက်တာဇော်သန်း | မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ |
| (ဃ) | ဦးကြည်ညွန့် | မြန်မာနိုင်ငံပုံနှိပ်သူနှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း |
| (င) | ဦးဥက္ကာအေး | မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း |
| (စ) | ဦးတင်ကိုကို | မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် |
| (ဆ) | ဦးမြတ်စိုး(မြတ်စိုး-လှိုင်) | မြန်မာနိုင်ငံစာရေးဆရာအသင်း |
| (ဇ) | ဦးအောင်ကြည်(အောင်ကြည်ညွန့်-တက္ကသိုလ်) | မြန်မာနိုင်ငံစာရေးဆရာအသင်း |
| (ဈ) | ဦးဝင်းနိုင်(မင်းဆက်ပိုင်) | မြန်မာနိုင်ငံစာရေးဆရာအသင်း |
| (ည) | ပါမောက္ခဒေါက်တာမြသိန်းဟန် | မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ |
| (ဋ) | ဒေါက်တာစန်းဦး | မြန်မာနိုင်ငံနည်းပညာ ပညာရှင်အဖွဲ့ |

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာ ပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Aung Zin Oo(ငကြွက်)" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်အမှတ်(၁၂) ရပ်ကွက်နေ အောင်ဇော်ဦး(ခ)အောင်ကြိုင်(ခ)ငကြွက်အား မွန်းလွဲ ၂ နာရီခွဲတွင် လည်းကောင်း၊ "Yair Yair" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၁၂)နေ ရဲဇာနည်အောင်(ခ)အာကြီးအား မွန်းလွဲ ၃ နာရီတွင်လည်းကောင်း၊ "MDY" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ အမရပူရမြို့နယ် ခနုံးကျေးရွာနေ ဟန်သော်စိုးအား ညနေ ၆ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ "မိကျူး" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်း ဒေသကြီး ပဲခူးမြို့နယ် အမှတ်(၄) ရပ်ကွက်နေ ထက်ထက်ဝင်း(ခ)မိကျူးအား ည ၁၀ နာရီခွဲ တွင် လည်းကောင်း သက်ဆိုင်ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## " ပြည်သူ့ကြားက ပြည်သူ့စကား " အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၂

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက် စကားသံများကို သဇင်FM၏ "ပြည်သူ့ကြားကပြည်သူ့စကား"အစီအစဉ်မှ **"ပြည်သူတွေ ခိုလှုံရာ အရပ်သားပစ်မှတ်တွေကို အဓိကထား တိုက်ခိုက်လာတဲ့ အကြမ်းဖက်သမားများ"** ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်ပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အကြမ်းဖက်သမားများ၏ ဖျက်ဆီးမှုကြောင့် လျှပ်စစ်ဓာတ်အား မထုတ်လုပ်နိုင်မှု မဂ္ဂါဝပ် ၁၆၀၀ ကျော်ရှိနေသည့် ရေအားလျှပ်စစ်စီမံကိန်းရှစ်ခုနှင့် အခြားရပ်ဆိုင်းထားရသည့် စီမံကိန်းများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အခမဲ့ခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို အမျိုးသားအဆင့် အခမဲ့ခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaint Mechanism-NCM)ဖြင့် ကိုင်တွယ်ဖြေရှင်းသွားမည်

**နေပြည်တော် စက်တင်ဘာ ၂**

မြန်မာနိုင်ငံသည် ILO နှင့် ပူးပေါင်းကာ အခမဲ့ခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို ၂၀၀၇ခုနှစ်မှ စတင်၍ သက်ဆိုင်သည့် ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ ၂၀၂၀ပြည့်နှစ်မှစတင်၍ အမျိုးသားအဆင့် အခမဲ့ခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား(National Complaint Mechanism-NCM)ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ အလုပ်သမားဝန်ကြီးဌာန အပါအဝင် သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အခမဲ့ခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားအကောင်အထည်ဖော်ရေး အမျိုးသားကော်မတီမှ အခမဲ့ခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ မည်သူမဆို အခမဲ့ခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး(ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှ တစ်ဆင့် လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာနရုံးအမှတ်(၅၁)နေပြည်တော်သို့ လူကိုယ်တိုင်(သို့မဟုတ်)စာဖြင့်လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄နှင့် E-Mail လိပ်စာ direct-orgeneral.dol@gmail.com, moloffice51@gmail.com, research.org.dol.mm@gmail.com များသို့လည်းကောင်း တိုင်ကြားသူနှင့် အခမဲ့ခိုင်းစေခံရသူများ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့် အခမဲ့ခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာထားကြောင်း သိရသည်။

**သတင်းစဉ်**



# နိုင်ငံတကာ အားကစား သတင်းများ



## 2024 US Open အမျိုးသားတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Alexander Zverev တက်ရောက်

**နယူးယောက်ခ် စက်တင်ဘာ ၂**

အမေရိကန်နိုင်ငံ၊ နယူးယောက်ခ်မြို့တွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 US Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ဂျာမနီတင်းနစ်ကစားသမား Alexander Zverev တက်ရောက်ခဲ့သည်။

အဆိုပါ ဂျာမနီတင်းနစ်ကစားသမား Alexander Zverev သည် 2024 US Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် အိမ်ရှင်အမေရိကန်တင်းနစ်ကစားသမား Brandon Nakashima အား ၃-၆၊ ၆-၁၊ ၆-၂၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2024 US Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဂျာမနီတင်းနစ်ကစားသမား Alexander Zverev နှင့် အိမ်ရှင်အမေရိကန်တင်းနစ်ကစားသမား Taylor Fritz တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(အပေါ်ပုံ)**

**(NGB)**

## 2024 US Open အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Qinwen Zheng တက်ရောက်

**နယူးယောက်ခ် စက်တင်ဘာ ၂**

အမေရိကန်နိုင်ငံ၊ နယူးယောက်ခ်မြို့တွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 US Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ တရုတ်တင်းနစ်မယ် Qinwen Zheng တက်ရောက်ခဲ့သည်။


အဆိုပါ တရုတ်တင်းနစ်မယ် Qinwen Zheng သည် 2024 US Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် ခရိုအေးရှားတင်းနစ်မယ် Donna Vekic အား ၇-၆၊ ၄-၆၊၆-၂ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2024 US Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် တရုတ်တင်းနစ်မယ် Qinwen Zheng နှင့် ဘီလာရုတင်းနစ်မယ် Aryna Sabalenka တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(အောက်ပုံ)**

**(NGB)**



## အူဂါတီ မန်ချက်စတာယူနိုက်တက်အသင်းတွင် ကျောနံပါတ် ၂၅ ဂျာစီအား ဝတ်ဆင်ကစားမည်



**မန်ချက်စတာ စက်တင်ဘာ ၂**

ကွင်းလယ်ကစားသမား အူဂါတီ မန်ချက်စတာယူနိုက်တက် အသင်းတွင် ကျောနံပါတ် ၂၅ ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အသက်(၂၃)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ပီအက်စ်ဂျီအသင်းမှ မန်ချက်စတာယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာခြင်း ဖြစ်သည်။

ကွင်းလယ်ကစားသမား အူဂါတီသည် ပီအက်စ်ဂျီအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၇ ပွဲကစားပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာယူနိုက်တက်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် ၂၀၂၄ နွေရာသီအပြောင်းအရွှေ့ဈေးကွက်အတွင်းတွင် ကစားသမား ၅ ဦးအထိ ခေါ်ယူအားဖြည့်ထားပြီး ဖြစ်သည်။ **(အပေါ်ဝဲပုံ)**

**(NGB)**

## တာနာအား တစ်ရာသီအငှားဖြင့် ခရစ္စတယ်ပဲလေ့စ်အသင်း ခေါ်ယူ

**လန်ဒန် စက်တင်ဘာ ၂**

ခရစ္စတယ်ပဲလေ့စ်အသင်းသည် နော်တင်ဟမ်ဖောရက်စ်အသင်းဂိုးသမား တာနာအား တစ်ရာသီအငှားဖြင့် ခေါ်ယူခဲ့သည်။

အဆိုပါ ဂိုးသမားသည် ခရစ္စတယ်ပဲလေ့စ်အသင်းတွင် ကျောနံပါတ် ၃၀ ဂျာစီအား ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

ဂိုးသမား တာနာသည် ပြီးခဲ့သည့် ဘောလုံးရာသီက နော်တင်ဟမ်ဖောရက်စ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ပွဲ ၂၀ ကစားပြီး လက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် ခရစ္စတယ်ပဲလေ့စ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ခရစ္စတယ်ပဲလေ့စ်အသင်း ထုတ်ပြန်ချက်တွင် "အပြောင်းအရွှေ့နောက်ဆုံးရက်မှာ ဂိုးသမား တာနာအား အငှားဖြင့် ခေါ်ယူနိုင်ခဲ့ပါတယ်။ သူ့အနေနဲ့လည်း အသင်းကိုများစွာ ပံ့ပိုးကူညီနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု ထုတ်ပြန်သည်။ **(အောက်ပုံ)**

**(NGB)**



## မာရီယိုဟာမိုဆိုအား ခေါ်ယူရန် ရီးမားအသင်း သဘောတူညီမှု ရရှိ

**တူရင် စက်တင်ဘာ ၂**

စီးရီးအေကလပ် ရီးမားအသင်းသည် လက်ရှိအချိန် အသင်းလက်မဲ့ဖြစ်နေသော ဝါရင့်နောက်ခံကစားသမား မာရီယိုဟာမိုဆိုအား ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း သတင်းများက ဖော်ပြခဲ့သည်။ **(ယာပုံ)**

အသက်(၂၉)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် လမ်းခွဲပြီးနောက် အသင်းလက်မဲ့ဖြစ်နေပြီး ရီးမားအသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံခဲ့ခြင်းဖြစ်သည်။



နောက်ခံကစားသမား မာရီယိုဟာမိုဆိုသည် ကစားသမားဘဝတစ်လျှောက်တွင် အက်စ်ပန်ညို၊ ဗယ်လာဒိုးလစ်၊ အက်သလက်တီကိုမက်ဒရစ် စသည့် အသင်းများတွင် ကစားပြီး အောင်မြင်မှုများ ရယူထားနိုင်ခဲ့ခြင်းကြောင့် ရီးမားအသင်းက ခေါ်ရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် နောက်ခံကစားသမား မာရီယိုဟာမိုဆိုအား လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း ရီးမားအသင်း ကစားသမားသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(NGB)**


### ဘောလုံးသတင်း အတိုအထွာများ

စပိန်လာလီဂါ ပွဲစဉ်(၄) အဖြစ် ရီးရဲလ်မက်ဒရစ်အသင်းသည် ဘက်တစ်အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိပြီးနောက် ရမှတ် ၈ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၂) နေရာတွင် ရပ်တည်ခဲ့သည်။

## နီကိုးလက်စ်ဂျက်ဆင် ချဲလ်ဆီးအသင်းနှင့်အတူ ကာလရှည်သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် စက်တင်ဘာ ၂**

ချဲလ်ဆီးအသင်းသည် အသင်းတိုက်စစ်မှူး နီကိုးလက်စ်ဂျက်ဆင်အား ၂၀၃၃ ခုနှစ်အထိ ကာလရှည် သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။



အဆိုပါ တိုက်စစ်မှူးသည် ချဲလ်ဆီးအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၈ပွဲကစားပြီး ၁၉ ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

အသက်(၂၃)နှစ်အရွယ်ရှိ နီကိုးလက်စ်ဂျက်ဆင်က "ကျွန်တော် အသင်းနဲ့ ကာလရှည် သက်တမ်းတိုးစာချုပ် ချုပ်ဆိုခွင့်ရလို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားချင်ပါတယ်။ ဒီအသင်းမှာကစားရတာလည်း အလွန်ပျော်ရွှင်ပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ် "ဟု ပြောသည်။ **(ဝဲပုံ)**

**(NGB)**

## စပါးအသင်းအား အနိုင်ရရှိခဲ့သည့်အတွက် အလွန်ကျေနပ်မိဟု နည်းပြ အက်ဒီဟောင်း ပြောကြား

**လန်ဒန် စက်တင်ဘာ ၂**

ပရီမီးယားလိဂ်ပွဲစဉ်(၃) အဖြစ် နယူးကာဆယ်အသင်းက စပါးအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းနည်းပြ အက်ဒီဟောင်းက မိမိအနေဖြင့် ယခုပွဲစဉ်အား အနိုင်ရရှိခဲ့သည့်အတွက် အလွန်ကျေနပ်မိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

နယူးကာဆယ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် (၃)ပွဲကစားအပြီးတွင် ရမှတ် ၇ မှတ်ဖြင့် အဆင့် ၅နေရာတွင် ရပ်တည်ထားသည်။



နယူးကာဆယ်အသင်းနည်းပြ အက်ဒီဟောင်းက စပါးအသင်းအား အနိုင်ရ ရှိခဲ့လို့ အလွန်ကျေနပ်မိပါတယ်။ ဒီပွဲစဉ်မှာ အသင်းသားတွေရဲ့ ခြေစွမ်းကိုလည်း အားရကျေနပ်မိပါတယ်။နောက်ထပ်လာမည့် ပွဲစဉ်တိုင်းကိုလည်း အနိုင်ရရှိအောင် ဆက်လက်ကြိုးစားသွားမှာပါ။ "ကျွန်တော် အနေနဲ့လည်း နယူးကာဆယ် အသင်းနှင့်အတူ အောင်မြင်မှုများစွာ ရယူသိမ်းပိုက်သွားချင်ပါတယ်"ဟု ပြောသည်။

နည်းပြ အက်ဒီဟောင်းသည် နယူးကာဆယ်အသင်းအား ၂၀၂၁ ခုနှစ် နိုဝင်ဘာလက စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၁၂၉ ပွဲတွင် ၆၂ ပွဲနိုင်၊ ၃၂ ပွဲသရေ၊ ၃၅ ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။ **(ဝဲပုံ)**

**(NGB)**




# အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပ

**စစ်ကိုင်း စက်တင်ဘာ ၂**

စစ်ကိုင်းခရိုင်အဆင့် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁ ရက် နံနက် ၈ နာရီက စစ်ကိုင်းပညာရေးတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်သည်။

ဖွင့်ပွဲအခမ်းအနားတွင် စစ်ကိုင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားရာ မြန်မာနိုင်ငံသည် အမျိုးသားယဉ်ကျေးမှု အစဉ်အလာကြီးမားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ မြန်မာလူမျိုးများ အနေနဲ့ သမိုင်းကြောင်းနှင့်အတူ ယှဉ်တွဲဖြစ်ထွန်းလာသည့် ရိုးရာယဉ်ကျေးမှုများ၊ အနုသုခုမများ၊ ဓလေ့ထုံးတမ်းများသည် မြန်မာ့အမျိုးသားဟန်ကို ကိုယ်စားပြုသည့် ယဉ်ကျေးမှုစရိုက်လက္ခဏာများဖြစ်ကြောင်း၊ ယဉ်ကျေးမှုနယ်ပယ်တွင် မိမိတို့၏ အမျိုးသားယဉ်ကျေးမှုများ မပျောက်ပျက်အောင် ထိန်းသိမ်းထားခြင်းသည် နိုင်ငံသားတို့၏ မျိုးချစ်စိတ်ဓာတ်ရှင်သန်မှု၊ စည်းလုံးညီညွတ်မှုများကိုပြသနိုင်ခြင်းဖြစ်ကြောင်း၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးရဲ့ မွန်မြတ်တဲ့ ဦးတည်ချက်များအတိုင်း အသွင်သဏ္ဌာန်ရော အနှစ်သာရပိုင်းပါ ပြည့်ဝအောင်မြင်ရေး ကြိုးပမ်းကြရာမှာ ပြိုင်ပွဲဝင်အနုပညာရှင်များဖြစ်ကြောင်း ခရိုင်၊ တိုင်းဒေသကြီး၊ နိုင်ငံ့ဂုဏ်ဆောင်တဲ့ အနုပညာရှင်များဖြစ်အောင်ကြိုးစားကြပါလို့ ပြောကြားခဲ့ပြီး တာဝန်ရှိသူများနှင့်အတူ ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

စစ်ကိုင်းခရိုင်အဆင့် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် သက်ဆိုင်ရာဘာသာရပ်အလိုက် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် အနုပညာရှင်များအား ညနေပိုင်းတွင် ဆုများအသီးသီးပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)



# ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးများ ထိုးနှံပေး

**ကျွန်းလှ စက်တင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ကိုယ်ဝန်ဆောင်မိခင်များအား မြို့နယ်မိခင်နှင့်ကလေး ကျန်းမာရေးဌာန၌ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ကာကွယ်ဆေးများထိုးနှံပေးခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တာဝန်ရှိသူများက ဆုံဆို့၊ မေးခိုင်ကာကွယ်ဆေးများကို ဆေးမှတ်တမ်းရေးသွင်းပြီး ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ စနစ်တကျထိုးနှံပေးကြသည်။

အဆိုပါ ကျွန်းလှမြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာနတွင် ကိုယ်ဝန်ဆောင်မိခင်များအား ကိုယ်အလေးချိန်ချိန်ခြင်း၊ သန္ဓေသားအနေအထား မှန်မမှန်စစ်ဆေးပေးခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကလေးများ ကာကွယ်ဆေးထိုးနှံပေးခြင်း၊ သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၀)

# သွင်းအားစုဓာတ်မြေဩဇာဆိုင်များ ရည်ညွှန်းဈေးထက် ပိုမိုရောင်းချမှုများကို စိစစ်သွားမည်

**မန္တလေး စက်တင်ဘာ ၂**

သွင်းအားစုဓာတ်မြေဩဇာများ ရောင်းချနေသည့်အရောင်းဆိုင်များ ရန်ညွှန်းဈေးထက်ကျော်လွန်ပြီး ပိုမိုရောင်းချမှုများကို စိစစ်ကြီးကြပ်သွားမည် ဖြစ်သည်။

ထိုသို့ စိစစ်ကြီးကြပ်ရန် နေပြည်တော် အပါအဝင် သက်ဆိုင်ရာ တိုင်းနှင့်ပြည်နယ်အစိုးရအဖွဲ့တွေကို အကြောင်းကြားထားပြီးဖြစ်ကြောင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ဓာတ်မြေဩဇာ ရောင်းချသည့် ကုမ္ပဏီတွေကို သတ်မှတ်ရည်ညွှန်းဈေးထက် ပိုမိုရောင်းချမှု မရှိစေရေးအတွက် ထိန်းချုပ်မှုအနေဖြင့် ဦးဆောင်ကော်မတီက ရည်ညွှန်းဈေးနှုန်းတွေ ထုတ်ပြန်ပြီးနောက် ရန်ကုန်အထိုင်ဈေးနှုန်းအပေါ် ဒေသအလိုက် သယ်ယူစရိတ်နှင့် အရောင်းဆိုင်အမြတ်တို့ကိုထည့်ပေါင်းထားသောဈေးနှုန်းဖြင့် ရောင်းချပေးရန် အသိပေးထိန်းချုပ်လျက်ရှိသည်။

ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီက ဩဂုတ် ၁၆ ရက်မှ စက်တင်ဘာ ၁၅ ရက်အထိ သတ်မှတ်ထားသည့် ရန်ကုန်အထိုင်ဈေး ဓာတ်မြေဩဇာရည်ညွှန်းဈေးတွေအနေဖြင့် ယူရီးယားမြေဩဇာ(အလုံးကြီး)၅၀ ကီလိုတစ်အိတ်ကို ငွေကျပ် ၈၃၀၀၀၊ Rock Phosphate အခြေခံ ၁၅ ပတ်လည် ၅၀ ကီလိုတစ်အိတ်ကို ငွေကျပ် ၁၁၅၀၀၀နှင့် Di-Ammonoum Phosphate အခြေခံ ၁၅ ပတ်လည် ၅၀ ကီလိုတစ်အိတ်ကို ငွေကျပ် ၁၂၈၀၀၀ သတ်မှတ်ထားသည်။



ရန်ကုန်အထိုင်ဈေးနှုန်းအပေါ် အခြေခံပြီး ဒေသအလိုက် သယ်ယူစရိတ်နှင့် အရောင်းဆိုင်အမြတ်တို့ပါဝင်သည့် ဈေးနှုန်းထက်ပိုမိုရောင်းချနေသည့် ဒေသအလိုက် အရောင်းဆိုင်အမည်တွေကို တိတိကျကျသိရှိရင် သတင်းပေးပို့တိုင်ကြားနိုင်ကြောင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ထုတ်ပြန်ထားကြောင်း သိရသည်။

မိုးစပါးစိုက်တောင်သူများအနေဖြင့် ယခုချိန်တွင် မြေဩဇာထည့်သွင်း အားဖြည့်ရမည့် အချိန်ဖြစ်တာကြောင့် ၁၅ ပတ်လည်မြေဆီကို တောင်သူအများစု ပက်ကြဲနေချိန်ဖြစ်သောကြောင့် ဈေးကွက်အတွင်း မြေဩဇာအရောင်းရဆုံးအချိန် ဖြစ်သည်။

မိုးစပါးစတင်စိုက်ပျိုးချိန် ပုလဲဓာတ်မြေဓာကို ပိုမိုလိုအပ်သလို စပါးစိုက်သက်တမ်း ၂ လကျော်တွင် စိုက်ခင်းအတွင်း ပေါင်းမြက်များ ရှင်းလင်းပြီး ကွန်ပေါင်းမြေဩဇာကို အဓိကအားဖြည့်ကြဲပက်ရကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

# ပြည်ပမှ ဝယ်လိုအားကောင်းသောကြောင့် ပို့ကုန်ပဲများ စံချိန်တင်ဈေးကောင်းရရှိလာ

ပြည်ပမှ ဝယ်လိုအားကောင်းသောကြောင့် ပို့ကုန်ပဲများ စံတင်ဈေးကောင်းရရှိလာကြောင်း ပဲကုန်သည်များထံက သိရသည်။

ပို့ကုန် မတ်ပဲနှင့် ပဲစင်းငုံတို့မှာအိန္ဒိယနိုင်ငံ၏ဝယ်လိုအားကောင်းလာခြင်းနှင့် ပြည်တွင်းလက်ကျန်ပဲနည်းလာသောကြောင့် စက်တင်ဘာ ၁ ရက်တွင် ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀၀၀ အထိ စံချိန်တင်ဈေးမြင့်တက်လာပြီး တစ်ပတ်အတွင်း တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀၀ နီးပါးဈေးမြင့်လာခြင်းဖြစ်ကြောင်း၊ FOB ဈေးနှုန်းများလည်း မြင့်တက်လာတာကြောင့်လည်း ယခုလိုပို့ကုန်ပဲများ စံချိန်တင်ဈေးကောင်းရရှိလာခြင်းဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဒုတိယဥက္ကဋ္ဌ ဦးကျော်သွင်က ပြောသည်။

"ပို့ကုန်ပဲတွေက အိန္ဒိယဝယ်လိုအားကောင်းလာသလို FOB ဈေးမြင့်တက်လာတော့ ပြည်တွင်း ပဲဈေးကွက်မှာလည်း ဈေးမြင့်တက်လာတာပါ။ နောက်ပဲစင်းငုံက နယ်မှာရော ကုန်သည်တွေဆီမှာ လက်ကျန်နည်းနေပါပြီ။ နိုင်ငံခြားငွေဈေးကလည်း ပြန်တက်လာတော့ စံချိန်ဈေးမြင့်တက်လာတာပါ။ အရောင်းအဝယ်ပမာဏ များများစားစား မရှိတော့ပါဘူး" ဟု ၎င်းက ပြောသည်။

ပြည်တွင်းပဲဈေးကွက်မှာ စက်တင်ဘာ ၁ ရက်တွင် ပို့ကုန်မတ်ပဲ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၃၇၅၀၀၀၊ ပဲစင်းငုံ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၄၉၅၀၀၀-၅၀၀၀၀၀ ပေါက်ဈေးဖြင့် စံချိန်တင် ဈေးကောင်းရရှိလာသည်။

လက်ရှိပြည်တွင်း ပို့ကုန်ပဲများမှာလက်ကျန်နည်းနေပြီး မကြာမီ မတ်ပဲ၊ ရေသွင်းပဲသစ်များ ဈေးကွက်အတွင်းဝင်ရောက်လာရန်ရှိသော်လည်း ပဲစင်းငုံမှာ လက်ကျန်မရှိသလောက် နည်းနေသည်။

ပဲစင်းငုံမှာ လက်ရှိကာလတွင်စိုက်ပျိုးဆဲကာလဖြစ်ပြီး လာမည့် ဖေဖော်ဝါရီ၊ မတ်လမှသာ ပဲသစ်ပေါ်မည် ဖြစ်သည်။

ပို့ကုန်ပဲဈေးကွက်တွင် မနှစ်က ပဲရာသီကတည်းက ဈေးကောင်းရရှိနေသည့် ပဲစင်းငုံကို ယခုနှစ်စိုက်ပျိုးရာသီတွင် တောင်သူများတိုးချဲ့စိုက်ပျိုးထားကြောင်း သိရသည်။

(အောက်ပုံ)

ရွှေမန်း



## မိုးနှမ်းများစတင်ရိတ်သိမ်း ဈေးကောင်းရရှိ



**ရေနံချောင်း စက်တင်ဘာ ၂**

မိုးရာသီ သီးနှံများအနက်မှ ဆီထွက်သီးနှံနှမ်းပင်များ နုတ်သိမ်းလျက်ရှိရာ ဈေးကောင်းရလျက်ရှိကြောင်း မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင် ရေနံချောင်းမြို့နယ်မှ တောင်သူများထံက သိရသည်။

မိုးရာသီစိုက်ပျိုးသော နှမ်းပင်တွေနုတ်နေကြပါပြီ၊ နေ့စားအလုပ်သမားတစ်ဦးလျှင် နေ့တစ်ဝက်ကို ငွေကျပ် ၄၀၀၀၊ တစ်နေ့ ငွေကျပ် ၈၀၀၀၊ အခင်းလိုက် ပုတ်ပြတ်နုတ်သိမ်းလျှင် နှမ်းခင်းအနေအထားပေါ်မူတည်ပြီး ငွေကျပ် ၂၀၀၀၀ ကနေ ငွေကျပ် ၅၀၀၀၀ အထိလည်းကောင်း ဝင်ငွေရကြသည်။

ဈေးအနေနဲ့ နှမ်းဖြူတစ်တင်းလျှင် ငွေကျပ် ၁၄၃၀၀၀၊ ငွေကျပ် ၁၃၇၀၀၀၊ နှမ်းနီတစ်တင်းလျှင် ငွေကျပ် ၁၂၅၀၀၀၊ ငွေကျပ် ၁၂၇၀၀၀ ရောင်းရပြီး မကွေးဈေးကွက်ကို တင်ပို့သည့်အပြင် ရေနံချောင်းဈေးကွက်ကို ရောင်းရတယ်၊ ဈေးကောင်းရတယ်ဟု မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်မှ ဒေသခံတောင်သူတစ်ဦးထံက သိရသည်။

(အပေါ်ဝဲပုံ)(၄၇၂)

## လျှပ်စစ်သုံးယာဉ်ဆိုင်ရာ ပြုပြင်ထိန်းသိမ်းမှု သင်တန်းဖွင့်လှစ်မည်

**မန္တလေး စက်တင်ဘာ ၂**

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဆရာအတတ်သင်ကောလိပ်(ဘယ်လင်း)တွင် လျှပ်စစ်သုံးယာဉ်ဆိုင်ရာပြုပြင်ထိန်းသိမ်းမှုနှင့် ပြစ်ချက်ရှာနည်းသင်တန်း (၂/၂၀၂၄)ကို စက်တင်ဘာ ၉ ရက်မှ ၂၇ ရက်အထိ ကျောက်ဆည်မြို့နယ်ရှိ အဆိုပါကောလိပ်တွင် ရက်သတ္တပတ် နာရီ ၉၀ သင်ကြားပို့ချပေးမည်။

လျှပ်စစ်သုံးယာဉ်ဆိုင်ရာ ပြုပြင်ထိန်းသိမ်းနည်းသင်တန်း တက်ရောက်ရန် စိတ်ဝင်စားသူများအနေဖြင့် မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှု၊ လက်မှုလုပ်ငန်းရှင်များအသင်း ဖုန်း-၀၉၇၇၇၀၈၄၄၄၇၇ သို့ ဆက်သွယ်စုံစမ်းတက်ရောက်နိုင်ကြောင်း သိရသည်။

(၀၄၅)

၀-၀-၀-၀



## လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲ ကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် မိတ္ထီလာမြို့နယ် စက်မှုလယ်ယာဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ အင်ဂျင်စွမ်းအားသုံး လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ယနေ့နံနက် ၉နာရီက စက်ပစ်တောင်ကျေးရွာ ဦးပိုင်အမှတ် ၂၆၆၊ ကွင်းအမှတ် ၇၄၀ ရှိ တောင်သူ ဒေါ်အေးအေးမော်၏ စိုက်ဧက ၄ ဧကတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အင်ဂျင်စွမ်းအားသုံးလက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲတွင် စက်မှုလယ်ယာ ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမင်းမင်းဇော်က အင်ဂျင်စွမ်းအားသုံးလက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါး စိုက်ပျိုးခြင်း သရုပ်ပြပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် အင်ဂျင်ပါဝါသုံး ခြောက်တန်းသွား လက်ဆွဲကောက်စိုက်စက်အသုံးပြု၍ ကောက်စိုက်ပျိုးရာတွင် စပါးစိုက်ခင်းညီညာရန် လိုအပ်ခြင်း၊ ပျိုးခင်းအတွက် နေရာအနည်းအငယ်သာ လိုအပ်ခြင်း၊ မျိုးစေ့နှုန်းထား အနည်းအငယ်ဖြင့် စပါးအထွက်အနှုန်း ကောင်းမွန်စေခြင်း၊ ကောက်ကွက်နှင့် ကောက်ပင်အိတ်အနက် လိုအပ်သလိုချိန်ညှိ၍ စိုက်ပျိုးနိုင်ခြင်း၊ ပျိုးသက်နုနုဖြင့် စိုက်ပျိုးနိုင်ခြင်း၊ ကောက်ပင်လှန်မြန်ခြင်းနှင့် ပင်ပွားများများရရှိခြင်း၊ တစ်ဧကကောက်ကွက် ပြည့်မီခြင်း၊ အချိန်တိုအတွင်း ဧကများစွာ စိုက်ပျိုးနိုင်ခြင်းနှင့် ရာသီဥတုပြောင်းလဲလာသည် တို့တွင် အချိန်အခါမီစိုက်ပျိုးနိုင်ခြင်းနှင့် အင်ဂျင်ပါဝါသုံး ခြောက်တန်းသွား လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းဖြင့် လုပ်သားရှားပါးမှုအတွက် အဆင်ပြေကြောင်း ရှင်းလင်းပြောကြားခဲ့ သည်။

၎င်းနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသက်နိုင်အေးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်အတွင်း၌ မိုးစပါးစိုက်ပျိုးဧက ၁၃၀၆၁ ဧက သတ်မှတ်လျာထားပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးအစီအစဉ်ဖြင့် စိုက်ဧက ၆၀၀ စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်း၊ ၎င်းနိုင်ငံ့စီးပွားမြှင့်တင်ရေးအစီအစဉ်ဖြင့် စိုက်ဧက ၆၀၀ တွင် စက်ပစ်တောင်ကျေးရွာတွင် စိုက်ဧက ၁၀၀ စိုက်ပျိုးသွားမည်ဖြစ်ပြီး စိုက်ပျိုးရာတွင်လည်း ဆင်းသုခမျိုးစပါးကို စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်း၊ ယင်းစိုက်ဧကများတွင် အင်ဂျင်ပါဝါသုံး ခြောက်တန်းသွားလက်ဆွဲကောက်စိုက်စက်အသုံးပြု၍ ကောက်စိုက်ပျိုးခြင်းဖြင့် မိုးစပါးစိုက်တောင်သူများ အချိန်ကုန် သက်သာပြီး လုပ်သားရှားပါးမှုအတွက် အဆင်ပြေမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ၎င်းသရုပ်ပြပွဲသို့ တက်ရောက်လာသော ဒေသခံတောင်သူများက သိလိုသည်များကို မေးမြန်းရာ စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ပြန်လည်ဖြေကြားခဲ့သည်။

ယင်းနောက် သရုပ်ပြပွဲသို့ တက်ရောက်လာသော စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမင်းမင်းဇော်၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသက်နိုင်အေးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများက အင်ဂျင်စွမ်းအားသုံး လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ (အပေါ်ပုံ)(၄၆၉)



## (VDP) စီမံကိန်းဖြင့် ကျေးရွာများတွင် ကွန်ကရစ်လမ်းများ ခင်းပေး

**ကျောက်ဆည် စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးရွာများတွင် ကွန်ကရစ်လမ်းများခင်းပေးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ပေတောကြီးကျေးရွာအုပ်စု၊ ဘလုံ့ကျေးရွာတွင် (VDP) စီမံကိန်းဖြင့် ကျေးရွာတွင်းလမ်းများအား ကွန်ကရစ်ခင်းပေးသွားမည် ဖြစ်သည်။

ပေတောကြီးကျေးရွာအုပ်စု၊ ဘလုံ့ကျေးရွာတွင် အိမ်ခြေ ၁၂၇၄ အိမ်၊ အိမ်ထောင်စု ၁၂၇၆ စု၊ လူဦးရေ ၅၇၄၉ ဦး နေထိုင်လျက်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကလုပ်ကိုင် အသက်မွေးကြပြီး မိုးတွင်းကာလ ကျေးရွာတွင်းလမ်းများသည် ရွှံ့များဖြင့် သွားလာရာ၌ အခက်အခဲများဖြစ်ပေါ်လျက်ရှိရာ ပြည်သူများ မြို့ပြနှင့် မခြား သွားလာနိုင်ပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ (VDP) စီမံကိန်းဖြင့် မြေလမ်းများအား ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဦးဆောင်မှုဖြင့် နိုင်ငံတော်ခွင့်ပြုငွေ၊ ကျေးရွာပြည်သူများ ထည့်ဝင်ငွေများဖြင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်မှုများ ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာတွင်းလမ်းများအား ကွန်ကရစ်ခင်းပေးခြင်းကြောင့် ဘလုံ့ကျေးရွာပြည်သူများအနေဖြင့် မိမိတို့ကျေးရွာ၏ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်မှုများ ပိုမိုဆောင်ရွက်လာတတ်မည်ဖြစ်ကြောင်းနှင့် အရည်အသွေးကောင်းသည့် လမ်းများဖြစ်စေရန် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ နည်းပညာများ စနစ်တကျကူညီပေးသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ ပြီးစီးသွားပါက ဘလုံ့ကျေးရွာသည် မြို့ပြနှင့်မခြား လမ်းများ ဖွံ့ဖြိုးတိုးတက်လာပြီး ပြည်သူများအနေဖြင့် တစ်အိမ်နှင့်တစ်အိမ် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် များစွာအဆင်ပြေသွားမည်ဖြစ်ကြောင်းနှင့် ပြည်သူများ၏ လူနေမှုစနစ်များလည်း ပိုမိုတိုးတက်လာမည် ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၅)

## မြန်မာ့ဓလေ့နံနက်အစားအစာဖြစ်သည့် မုန့်ပျားသလက် ရောင်းချခြင်းဖြင့် မိသားစုစီးပွားရေး အဆင်ပြေ

**နတ်မောက် စက်တင်ဘာ ၂**

နတ်မောက်မြို့၌ ဒေသခံပြည်သူများ နံနက်အစာပြေစားသောက်ဖွယ်ရာဖြစ်သည့် မုန့်ပျားသလက်စားသုံးသူ များပြားလာသည့်အတွက် မုန့်ပျားသလက်ရောင်းချသူများမှာ ရောင်းအားကောင်း၍ မိသားစုစီးပွားရေး အဆင်ပြေလက်ရှိသည်။

"ကျွန်မကတော့ မုန့်ပျားသလက်ရောင်းချသူပါ မုန့်ပျားသလက်ပြုလုပ်ရာမှာ ဆန်ကြမ်းကိုဝယ်ပြီး ပြုလုပ်ရပါတယ်။ ဆန်တစ်ပြည်ကို ငွေကျပ် ၃၅၀၀ ပေးဝယ်ရပါတယ်။ တစ်နေ့ကို ဆန်သုံးပြည် ကုန်ပါတယ်။ ဆန်ကြမ်းကို အမှုန့်ကြိတ်၍ ဆန်မှုန့်ကိုရေနွေး၊ ဆား၊ ဆိုဒါအနည်းငယ်ထည့်ပြီး အရည်ဖျော်ရပါတယ်။ မီးဖိုပေါ်မှာရှိတဲ့ မြေအိုးခင်းပြန့်ထဲသို့ ဖွန်းကြီးတစ်ဖွန်းနဲ့ မုန့်ရည်ကို ခတ်ထည့်ပြီး စားတော်ပဲ(သို့မဟုတ်)ပဲလွှန်းစေ့ပြုတ်ပြီးသား အနည်းငယ်ဖြူးထည့်ရပါတယ်။ မုန့်ပျားသလက်ကို နှမ်းဆီဖြင့်တို့စားရာတွင် ကလေး၊ လူကြီး နှစ်ခြိုက်စွာစားသုံးကြပါတယ်။ မုန့်ပျားသလက်တစ်ခုကိုတော့ ငွေကျပ် ၁၀၀ ဖြင့်ရောင်းရပါတယ်"ဟု မြို့မကွက်သစ်ရပ်ကွက်နေ မုန့်ပျားသလက်ရောင်းသူတစ်ဦးက ပြောသည်။

(အောက်ပုံ)

လှဝင်း



## မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းပညာ သင်တန်းဆင်းပွဲ ကျင်းပ



**ဟိုပုံး စက်တင်ဘာ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သည့် အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်း "လူငယ်များအလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးရေးစီမံကိန်း" မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းပညာသင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ် ၃၀ရက် နံနက် ၁၀နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံးရှိ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ဟိုပုံးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်းက အမှာစကားပြောကြားရာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ထွန်းကားလာစေခြင်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူဖြစ်စေမည်ဆိုတဲ့ ဌာနရဲ့မျှော်မှန်းချက်နှင့်အညီ သင်တန်းများဖွင့်လှစ်ပေးလျက်ရှိရာ မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းပညာသင်တန်းကို အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့တဲ့အတွက် ဝမ်းသာရပါကြောင်း၊ သင်တန်းသားတွေကိုယ်ပိုင်လုပ်ငန်း ထူထောင်နိုင်သည်အထိ ပိုင်ပိုင်နိုင်နိုင် နားလည်တတ်ကျွမ်းအောင် မွမ်းမံသင်တန်းကို ထပ်မံဖွင့်လှစ်ပေးသွားမှာဖြစ်ကြောင်းပြောကြားပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒေသဦးစီးမှူး ဦးဝင်းကျော်မျိုးက သင်တန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားရာတွင် သင်တန်းတွင် စာတွေ့/လက်တွေ့ဆန်းစစ်ချက်များကို ထူးချွန်စွာဖြေဆိုနိုင်သူ၊ လုပ်ငန်းနှင့်စပ်လျဉ်း၍ဗဟုသုတရှိသူ၊ ဒေသမှာအနည်းဆုံး သုံးနှစ်အခြေချနေထိုင်ပြီး ရေရှည်တွင်လည်း ဆက်လက်နေထိုင်မည့်သူ၊ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်သူ စတဲ့ စံသတ်မှတ်ချက်များနဲ့ကိုက်ညီတဲ့ ထူးချွန်သင်တန်းသား ငါးဦးကို သင်တန်းနည်းပြနဲ့ သင်တန်းကော်မတီအဖွဲ့ဝင်များက ရွေးချယ်ပေးအပ်သွားမည်ဖြစ်ကြောင်းပြောကြားပြီး အမှတ်တရဓာတ်ပုံရိုက်ကူးခဲ့ကြသည်။

အဆိုပါ မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းကို ဩဂုတ်လ၁ရက်မှ ၃၀ရက်ထိ တစ်လကြာဖွင့်လှစ်ခဲ့ပြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအနေဖြင့် စက်တင်ဘာ ၅ရက်တွင် အခြေခံစက်ချုပ်သင်တန်းအား ဆက်လက်ဖွင့်လှစ် ပေးသွားမည်ဖြစ်ကြောင်း သိရ သည်။

(အပေါ်ဝဲပုံ)

(၃၆၈)

*-*-*-*-*



## ပုဂံကမ္ဘာ့အမွေအနှစ်ဒေသတွင် ခရိုင်/မြို့နယ်ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးပြုလုပ်

**ညောင်ဦး စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်း ရွှေစည်းခုံဘုရားကြီး အနောက်ဘက်မုခ် လမ်းဘေးဝဲ/ယာ ရွှေစည်းခုံဘုရားအနောက်ဘက် ကြေးဂူ တိုက်ပတ်ဝန်းကျင်တို့တွင် ညောင်ဦးခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများက ဩဂုတ် ၃၁ ရက် နံနက် ၇ နာရီက စုပေါင်းသန့်ရှင်းရေးပြုလုပ်ကြသည်။

ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်(၁)ဒုတိယဗိုလ်မှူးကြီး မျိုးခိုင်ဝင်း၊ ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များ ဦးဆောင်မှုဖြင့် ညောင်ဦးမြို့နယ်ခရိုင် အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရွှေစည်းခုံဘုရားကြီး အနောက်ဘက်မုခ် လမ်းဘေး ဝဲ/ယာနှင့် ရွှေစည်းခုံဘုရားဝင်းအတွင်း အနောက်ဘက်ကြေးဂူ တိုက်ပတ်ဝန်းကျင်၊ ဝေဇယန္တာ ဓမ္မဗိမ္မာန်တော်ကြီးပတ်ဝန်းကျင်တို့တွင် အမှိုက်သရိုက်များ၊ ပေါင်းမြက်များ၊ စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ပေါင်းမြက်များအား ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်တို့ဖြင့် ရှင်းပြီးသားပေါင်းမြက်များ၊ သစ်ပင်သစ်ကိုင်းများအား စည်ပင်သာယာရေးအမှိုက်ကျင်းသို့ ပို့ဆောင်ရှင်းလင်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၁)

## ပြည်တွင်းမြေပဲဆန်ဈေးနှုန်းများ ကျဆင်းမှုနှင့်အတူ ပဲဆီဈေးနှုန်း ကျဆင်းလာ

**မန္တလေး စက်တင်ဘာ ၂**

ပြည်တွင်းမြေပဲဆန်ဈေးနှုန်းများကျဆင်းမှုနှင့်အတူ ပဲဆီဈေးနှုန်းများ လိုက်ပါကျဆင်းလာကြောင်း ကုန်သည်များထံက သိရသည်။

ဩဂုတ်လလယ်မှ စတင်ပြီး ဈေးကွက်အတွင်းသို့ အသစ်ဝင်ရောက်လာသည့် မြေပဲဆန်ဈေးနှုန်းများ ကျဆင်းလာရာ ဩဂုတ်လကုန်ပိုင်းရက်များတွင် မြေပဲဆန်တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀-၉၀၀၀ ဝန်းကျင်သာပေါက်ဈေးရှိတော့သဖြင့် မြေပဲဆီဈေးနှုန်းမှာ စက်တင်ဘာ ၁ ရက်တွင် တစ်ပိဿာလျှင် လက်ကားဈေး ငွေကျပ် ၁၈၅၀၀ သာပေါက်ဈေးရှိတော့ကြောင်း ကုန်သည်တစ်ဦးက ပြောသည်။

"အသစ်ဝင်မြေပဲဆန်တွေဝင်ရောက်လာတော့ မြေပဲဆန်ဈေးတွေ ကျဆင်းလာပါတယ်။ ဆီစက်ပိုင်တွေ ကုန်ကြမ်းဈေးကျတော့ ကုန်ချောမြေပဲဆီတွေလည်း ဈေးချရောင်းလာပါတယ်။ အရင်က မြေပဲဆန်ကုန်ကြမ်းဈေးတစ်ပိဿာငွေကျပ် ၁၂၀၀၀ထိပေါက်ဈေးနှုန်းက မြေပဲဆီဈေးတစ်ပိဿာငွေကျပ် ၂၀၀၀၀ကျော်ပေါက်ဈေးရှိပါတယ်။ ဈေးကွက်ဆီလိုအပ်ချက်ကတော့ မြင့်မားနေစဲဖြစ်လို့ ဝယ်လိုအားကောင်းနေပါတယ် "ဟု ၎င်းက ပြောသည်။

ပြည်တွင်းသို့ စားအုန်းဆီတင်သွင်းမှု လျှော့ချတင်သွင်းမှုများကြောင့် ပြည်တွင်းဆီလိုအပ်ချက်မြင့်မားသဖြင့် ဆီစက်များကြိတ်ဝါးလည်ပတ်မှု ကောင်းနေပြီး ဆီထုတ်လုပ်မှုများလည်းမြင့်မားလျက်ရှိသည်။

ဆီစက်ပိုင်များ ကုန်ကြမ်းဝယ်ယူမှု ဈေးမြင့်မားလျှင် ကုန်ချောပဲဆီဈေး မြင့်တက်လျက်ရှိပြီး ကုန်ကြမ်းဈေးနှုန်း ကျဆင်းပါက ကုန်ချောဈေးနှုန်းလည်း လိုက်ပါကျဆင်းလာခြင်းဖြစ်သည်။သို့သော်လည်း အချို့ပဲဆီစက်များတွင် ပဲဆီသန့်ထုတ်လုပ်သည့် ဆီစက်များတွင် တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၀ ဝန်းကျင်ထိ ပေါက်ဈေးရှိနေသည်။

စက်တင်ဘာ ၁ ရက် မန္တလေးကုန်စည်ဒိုင် ဈေးကွက်တွင် မြေပဲလုံးဆန်သစ် တစ်ပိဿာလျှင် ငွေကျပ် ၉၀၀၀ - ၉၃၀၀၊ မြေပဲဆီဆန်တစ်ပိဿာလျှင်ငွေကျပ် ၇၀၀၀-၇၅၀၀-၈၀၀၀-၈၃၀၀၊ မြေပဲအနီလုံးဆန်တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀-၈၅၀၀ ပေါက်ဈေးရှိနေပြီး မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀-၁၈၅၀၀၊ ပဲဖတ်တစ်ပိဿာလျှင် ငွေကျပ် ၅၇၀၀-၅၈၀၀၊ နှမ်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀၀၊ နှမ်းဖတ်တစ်ပိဿာလျှင် ၃၈၀၀-၃၉၀၀ အသီးသီးပေါက်ဈေးရှိနေကြောင်း သိရသည်။

(အောက်ပုံ)ရွှေမန်း





## Steel Structure စာသင်ကျောင်းဆောင် ဆောက်လုပ်ပေး

**ကျောက်ဆည် စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ အမှတ်(၅) အခြေခံပညာမူလတန်း(လွန်)ကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနိုင်ရေး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပေ (၆၀×၃၀) Steel Structure စာသင်ကျောင်းဆောင်အသစ် (၁) ဆောင် ဆောက်လုပ်ပေးလျက်ရှိသည်။ (အပေါ်ပုံ)

အမှတ်(၅)အခြေခံပညာမူလတန်း(လွန်)ကျောင်းတွင် KG တန်း၌ ကျောင်းသား၊ ကျောင်းသူ ၂၅ ဦး၊ Grade-1 အတန်း၌ ၂၇ ဦး၊ Grade-2 အတန်း၌ ၄၃ ဦး၊ Grade-3 အတန်း၌ ၄၈ ဦး၊ Grade-4 အတန်း၌ ၂၇ ဦး၊ Grade-5 အတန်း၌ ၁၇ ဦး၊ Grade-6 အတန်း၌ ၁၅ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၁၈၇ ဦးအား ကျောင်းအုပ်ဆရာကြီး အပါအဝင် ဆရာ၊ ဆရာမ ၁၁ ဦးမှ တာဝန်ယူ၍ ပညာသင်ကြားလျက်ရှိသည်။

အသစ်ဆောက်လုပ်ပေးသာ ပေ (၆၀ × ၃၀) Steel Structure စာသင်ကျောင်းဆောင်အသစ်အား နိုင်ငံတော်မှ ခွင့်ပြုရန်ပုံငွေ ငွေကျပ် ၃၃၃ ဒသမ ၁၀၉ ကျပ်သန်း အကုန်အကျခံကာ အောင်ကျော်မျိုးဇံ ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူကာ ဆောက်လုပ်ပေးခြင်းဖြစ်ကြောင်းနှင့် အဆိုပါကျောင်းသည် ဘောဂဝတီအုပ်စု၊ ပေါက်တောရပ်ကွက်တွင် တည်ရှိပြီး ၁၉၅၀ ပြည့်နှစ် ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး အကျယ်အဝန်းအားဖြင့် အလျား ပေ ၁၃၀၊ အနံ ပေ ၉၀ ပေ၊ ဧရိယာ ဝ ဒသမ ၂၇ ဧက ကျယ်ဝန်းကြောင်း သိရသည်။

(၄၈၅)

## ခွင့်ပြုရန်ပုံငွေဖြင့် သူရိန်လမ်းအုတ်ရေမြောင်း ဆောက်လုပ်လျက်ရှိ

**နတ်မောက် စက်တင်ဘာ ၂**



မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မြို့ပေါ်ရပ်ကွက်များ၌ ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေးအတွက် သူရိန်လမ်းအုတ်ရေမြောင်း တူးဖော်ခြင်းအား ဆောင်ရွက်လျက်ရှိသည်။ (အပေါ်ယာပုံ)

အဆိုပါ သူရိန်လမ်းအုတ်ရေမြောင်းတူးဖော်ခြင်းကို အရှည် ၉၁ ဒသမ ၄၄ မီတာ၊ အကျယ် ၃ ဒသမ ၆၆ မီတာနှင့်ထု ဝဒသမ ၂ မီတာရှိ အုတ်ရေမြောင်းအား ခွင့်ပြုရန်ပုံငွေ ၁၄ ဒသမ ၄၆ ကျပ်သန်းဖြင့် တင်ဒါအောင် ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ နတ်မောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပစေရေးနှင့် မိုးရာသီတွင် ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရန်ရည်ရွယ်၍ ရေစီးရေလာကောင်းမွန်ရေးအတွက် တူးဖော်ထားရှိသော ရေမြောင်းများအားပြုပြင်ဆောင်ရွက်ခြင်း၊ လိုအပ်သည့်နေရာများတွင် အသစ်ထပ်မံတူးဖော်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူထံက သိရသည်။

**လှဝင်း**

## ရွှေထည်များ ရောင်းရငွေနှင့်ပတ်သက်၍ ကုန်သွယ်လုပ်ငန်းခွန် (၃)ရာခိုင်နှုန်း ကောက်ခံမည်ဟု ဆို

**မန္တလေး စက်တင်ဘာ ၂**

ရွှေထည်များဖြစ်သည့် ရွှေစင်ရွှေတုံးများ(စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါး)နှင့် ရွှေထည်လက်ဝတ်ရတနာ ရောင်းချမှုတွင် ရရှိသော ရောင်းရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်အဖြစ် (၃)ရာခိုင်နှုန်း ကောက်ခံမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁ရက်မှ ၂၀၂၅ခုနှစ်၊ မတ် ၃၁ရက်ထိ သက်ရောက်မည်ဟု ထုတ်ပြန်ထားသည်။

စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ အပါအဝင် ရွှေစင်ရွှေတုံးများ ရောင်းချမှုအတွက် ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရဟု ၂၀၂၄ခုနှစ် ပြည်ထောင်စု၊ အခွန်အကောက်ဥပဒေပါ ပြဋ္ဌာန်းချက်ကို ပယ်ဖျက်လိုက်ပြီး ကုန်သွယ်လုပ်ငန်းခွန် ၃ ရာခိုင်နှုန်း ကျသင့်စေရမည်ဟု ပြင်ဆင်သတ်မှတ်လိုက်သည်ဟု ဆိုသည်။

"ဩဂုတ် ၂၈ ရက် ရက်စွဲနဲ့ ၂၀၂၄ခုနှစ် ပြည်ထောင်စု အခွန်အကောက်ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေထုတ်ပြန်ခဲ့တာပါ။ ပြည်ပက ရွှေထည်တွေတင်သွင်းမှုအတွက် ကုန်းပေါ်အရောက် တန်ဖိုးအပေါ်မှာလည်း ကုန်သွယ်လုပ်ငန်းခွန် ၃ ရာခိုင်နှုန်း ကျသင့်မှာဖြစ်ပါတယ်။ အရင်က ကုန်သွယ် လုပ်ငန်းခွန် ၁ ရာခိုင်နှုန်း ပေးဆောင်ရတယ်"ဟု ရွှေလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ရွှေစင်ရွှေတုံးနှင့် ရွှေထည်လက်ဝတ်ရတနာများကို ပြည်တွင်းမှာ ဝယ်ယူစဉ်(သို့မဟုတ်) ပြည်ပမှ တင်သွင်းစဉ်က ပေးဆောင်ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ပြည်တွင်းမှာ ရောင်းချစဉ်(သို့မဟုတ်)ပြည်ပမှ တင်သွင်းစဉ် ပေးဆောင်ခဲ့ရသည့် ကုန်းပေါ်အရောက် တန်ဖိုးအပေါ်တွင်လည်း ကုန်သွယ်လုပ်ငန်းခွန် ၃ ရာခိုင်နှုန်းကျသင့်မှာ ဖြစ်ကြောင်းနှင့် ပြည်တွင်းမှာဝယ်ယူစဉ်(သို့မဟုတ်)ပြည်ပသို့ တင်ပို့စဉ်က ပေးဆောင်ခဲ့ရသည့် ကျသင့်လုပ်ငန်းခွန်မှ ခုနှိမ်ခွင့်မရှိစေရဟု ပြဋ္ဌာန်းထားကြောင်း သိရသည်။

**(အပေါ်ယာဝုံ)**

**(မန္တလေးနေ့စဉ်-၉)**



## ပန်းခင်း(၃)စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်

**မောက်မယ် စက်တင်ဘာ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်တွင် "လူမှုဘဝပြည့်စုံဖို့ နိုင်ငံသား ကတ်ကိုင်ကြစို့"ပန်းခင်း(၃) စီမံချက်အရ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေး ဦးစီးမှူးရုံးမှ ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးနိုင်ရေးအတွက် ယမန်နေ့ နံနက် ၁၀နာရီက အခြေခံပညာ မူလတန်းလွန်ကျောင်း(ကုန်းလမ်း)၌ ကွင်းဆင်း၍ သွားရောက်ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ မူလွန်(ကုန်းလမ်း)မှ ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးနိုင်ရေးအတွက် ကျောင်းအုပ်ဆရာမကြီးနှင့် ပူးပေါင်း၍ ကျောင်းသား၊ကျောင်းသူများအား ၁၀နှစ်နှင့် အထက်၊ ၁၈နှစ်ပြည့်၊ ပျောက်၊ပျက်မိတ္တူနှင့် လဲလှယ်မှတ်ပုံတင်ကတ်များအား ရှေ့ပြေးပုံစံနှင့် နိုင်-၂ပုံစံများ ကောက်ယူပြီး လက်ဗွေနှိပ်ယူခြင်း၊ ဓာတ်ပုံရိုက်ကူးခြင်းများ ပြုလုပ်ကာ ရပ်ကွက်အတွင်းရှိ ကျောင်းများသို့ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး "လူမှုဘဝပြည့်စုံဖို့နိုင်ငံသားကတ်ကိုင်ကြစို့"ဆောင်ပုဒ်နှင့်အညီ ကျန်ရှိနေသေးသည့် အခြေခံပညာကျောင်းများကိုလည်း ဆက်လက်ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးငွေထွန်းထံမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ကျေးရွာစာကြည့်တိုက်မြေနေရာ ပန္နက်တင်အခမ်းအနား ကျင်းပ

**မိုင်းခတ် စက်တင်ဘာ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်တွင် နိုင်ငံတော် မ,တည်ငွေဖြင့် ဆောက်လုပ်မည့် ကျေးရွာစာကြည့်တိုက်မြေနေရာပန္နက်တင် အခမ်းအနားကို စက်တင်ဘာ ၁ရက် နံနက် ၉နာရီခွဲက မိုင်းခတ်မြို့၊ ဝမ်ခုတ်ကျေးရွာအုပ်စု၊ ယန်းမိုင်လားဟူကျေးရွာ၌ ကျင်းပသည်။

အဆိုပါ စာကြည့်တိုက် အဆောက်အအုံသစ် ဆောက်လုပ်မည့် မြေနေရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်စိုး၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်နောင်ထွေး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နန်းနွယ်နီအောင်၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးအားဝေနှင့် တာဝန်ရှိသူတို့က သတ်မှတ်နေရာများတွင် ပန္နက်ရိုက်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**




## ရပ်ရွာအခြေပြုမုန့်မျိုးစုံပြုလုပ်နည်း သင်တန်းဆင်းပွဲ ကျင်းပ

**ရွှေဘို စက်တင်ဘာ ၂**

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် လူမှုဝန်ထမ်းဦးစီးဌာန၌ ရပ်ရွာအခြေပြု မုန့်မျိုးစုံပြုလုပ်နည်း သင်တန်းဆင်းပွဲကို ယမန်နေ့ ညနေပိုင်းက ကျင်းပခဲ့သည်။

အခမ်းအနားတွင် လူမှုဝန်ထမ်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်ဝင်းက အဖွင့်အမှာစကား ပြောကြားရာတွင် ယခုကဲ့သို့ သင်တန်းများ ဖွင့်လှစ်ခြင်းဖြင့် မိသားစုတစ်ပိုင်တစ်နိုင် ဝင်ငွေတိုးပွားလာခြင်း၊ အလုပ်အကိုင်အခွင့်လမ်းများ ရရှိလာခြင်း၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်လုပ်ကိုင်လာနိုင်ခြင်းတို့ကြောင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီးနောက် သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ရာ သင်တန်းသူတစ်ဦးက မုန့်လုပ်နည်းမျိုးစုံကို အခမဲ့သင်ကြားပေးသည့်အတွက် ကျေးဇူးတင်ကြောင်းပြောကြားခဲ့ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခဲ့သည်။

အဆိုပါ သင်တန်းတွင် သင်တန်းနည်းပြ ဆရာမများက မုန့်အမျိုးမျိုး ပြုလုပ်ခြင်းများကို စာတွေ့၊လက်တွေ့(၂)ရက် သင်ကြားခဲ့ကြောင်းနှင့် သင်တန်းတက်ရောက်သူ ၂၀ဦးရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ကုသိုလ်ဆယ်ပါး

- ပေးလှူဒါန မြတ်စာဂတွင်
အပရစေတနာ စုံညီညာ
ပြုပါဝမ်းမြောက်ရ။
- ကိုယ်မှု နှုတ်မှု သီလထုသည်
အကုသိုလ်တရား မဖြစ်ပွား
စောင့်ထားမြဲမြဲကြ။
- သမထ ဘာဝနာ ဝိပဿနာကို
ဘာဝနာနှစ်ပါး ဟောမိန့်ထား
ကျင့်ပြား နိဗ္ဗာန်ရ။
- မိဘ ဆရာကြီးဂုဏ်ဝါကို
လာဘ်လာဘမမျှော် ရိုသေပူဇော်
လွန်သော် ရိုသေကြ။
- သုံးပါးရတနာ မိဘဆရာနှင့်
ဂိလာနများ မိတ်ဆွေအား
လုပ်အား ကူညီကြ။
- ကုသိုလ်အမျှပေးဝေသော်
တိုးရမြတ်ဘိ လွန်ကျိုးရှိ
ပတ္တိ ဒါနရ။
- ပေးဝေအမျှ ဖို့ဘာဂကို
အားရရွှင်ပျော် သာဓုခေါ်
နမော် ဝမ်းမြောက်ကြ။
- ကျင့်လို တရား လိမ္မာပွားရာ
တရားနာကြ ကျိုးများရ
ဓမ္မ သာဝန။
- ပူဇော်လာဘ်သာ စီးပွားမရှာဘဲ
စေတနာစင်ဖြူ ဟောကြားသူ
များမှု ကုသိုလ်ရ။
- ကံအကြောင်းတရား အသိဉာဏ်များနှင့်
မမှားသတိဖြောင့် မှန်ဘိ
ဒိဋ္ဌိဇုကမ္မ။ ။

**မြနန္ဒာဉာဏ်ဝေ**



## သတင်းပဒေသာ

### ဥပ္ပါတသန္တိကျမ်းမြတ် အသံမစဲရွတ်ဖတ်ပူဇော်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့၌ ဥပ္ပါတသန္တိကျမ်းမြတ် အသံမစဲရွတ်ဖတ်ပူဇော်ပွဲကို စက်တင်ဘာ ၁ရက် နံနက် ၉ နာရီက အမှတ်(၃)ရပ်ကွက်အတွင်းရှိ အောင်မင်္ဂလာဘုန်းတော်ကြီးကျောင်းတိုက်၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းနိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ တက်ရောက်ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### စာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်း

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေပေးအပ်ပွဲနှင့်ကျေးလက်စာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### တောင်သူများအား ဒေသဝက်များဖြန့်ဖြူး

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ လှိုင်လင်မြို့နယ်၊ နောင်ခမ်း(နောင်ဟိုင်း)ကျေးရွာမှ တောင်သူများအား ဒေသဝက် ၅၀ ကောင် ဖြန့်ဖြူးပေးအပ်ခြင်းအခမ်းအနားကို စက်တင်ဘာ ၁ရက် နံနက်ပိုင်းက တောင်နောက်ကျေးရွာအုပ်စု အခြေခံပညာအလယ်တန်းကျောင်းခွဲ ခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### Mobile Library စနစ်ဖြင့် စာအုပ်စာစောင်များငှားရမ်းပေး

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ Mobile Library စနစ်ဖြင့် စာအုပ်စာစောင်များငှားရမ်းပေးခြင်းကို ယမန်နေ့ နံနက် ၁၀နာရီက ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်မြန်မာ့စီးပွားရေးဘဏ်သို့ သွားရောက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### အားကစားဆိုင်ရာ အသိပညာပေးဟောပြော

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာများနှင့် အားကစားဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ်၊ ကြာပင်အုပ်စု၊ ထန်းတပင်ကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### မြို့ပြစီမံကိန်းရေးဆွဲနိုင်ရန် ဆွေးနွေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ ပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ ကျိုင်းတုံမြို့ပြစီမံကိန်းရေးဆွဲနိုင်ရန် ဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ငါးမွေးမြူရေးနည်းပညာပေးသင်တန်းဖွင့်

ရှမ်းပြည်နယ်လှိုင်လင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီး၍ ဒေသတွင်းငါးကဏ္ဍဖွံ့ဖြိုးရေးကို ဦးတည်လျက် အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်ခြင်း နည်းပညာပေးသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ပင်လုံမြို့နယ်သပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း(ပင်လုံ)တွင် ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## သဘာဝဘေးအန္တရာယ်အမျိုးမျိုးကင်းဝေးစေရန် ဆုတောင်းမေတ္တာပို့၊ အလှူငွေပေးအပ်

**မန္တလေး စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး အတွင်း သဘာဝဘေးအန္တရာယ် အမျိုးမျိုးမှ ကင်းဝေးစေရန် ဆုတောင်း မေတ္တာပို့သခြင်းကို စက်တင်ဘာ ၁ရက် နံနက် ၇ နာရီခွဲက ချမ်းမြသာစည်မြို့နယ်၊ ကုသိနာရုံလျောင်းတော်မူဘုရားတွင် ပြုလုပ်သည်။ သဘာဝဘေး အန္တရာယ်ကင်းဝေးစေရေးဆုတောင်းမေတ္တာပို့သမှုများတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးဦးဌေးဝင်း၊ မန္တလေးခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ကိုကို၊ မြို့နယ်မီးသတ်ဦးစီးမှူးများ၊ မန္တလေးခရိုင် အရန်မီးသတ်တပ်ဖွဲ့ဒုတိယတပ်ရင်းမှူးများနှင့် တပ်ခွဲမှူးများ တက်ရောက်ကြပြီး လျောင်းတော်မူဘုရားအား ပန်း၊ ဆီမီး၊ ရေချမ်းများကပ်လှူပြီး ကန်တော့၍ ဆုတောင်းမေတ္တာပို့သကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူး၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၊ ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ၊ အရန်မီးသတ်ဒုတိယတပ်ရင်းမှူးနှင့် တပ်ခွဲမှူးများက ကုသိနာရုံလျောင်းတော်မူဘုရားသို့ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(အပေါ်ဝဲပုံ) (ဝ၄၅)**



## ကန်တော်ကြီးရှိ ဇီဝိတဒါနသံဃာ့ဆေးရုံသို့ ဆွမ်းနှင့်ကျောက်ကပ်သွေးသန့်စင်မှုငွေများလှူဒါန်း

**မန္တလေး စက်တင်ဘာ ၂**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ စေတနာရှင်များက ဆွမ်းနှင့် ဆေးပဒေသာပင်စိုက်ထူခြင်း၊ ဆေးရုံသုံးပစ္စည်းနှင့် ကျောက်ကပ်သန့်စင်ခြင်းအတွက် ငွေများလှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၁ ရက် နံနက်က သီလရှင်ဆောင်ကြီးကြပ်ရေး အမျိုးသမီးများဆပ်ကော်မတီမှဂိလာနသံဃာ ၂၄ ပါးအတွက် တစ်ပါးလျှင် ငွေကျပ် ၁၀၀၀၀နှုန်းဖြင့် ငွေကျပ် ၂၄၀၀၀၀၊ တစ်နေ့တာဆွမ်းအတွက် ငွေကျပ်ခုနစ်သိန်း၊ ချမ်းအေးသာစံမြို့နယ် အောင်တော်မူရပ်နေ ဦးဝင်းမြင့်အားရည်စူး၍ ဒေါ်ခင်ဝင်းသူမိသားစုက ကျောက်ကပ်သွေးသန့်စင်နေသော ဂိလာနသံဃာနှင့် သီလရှင် သုံးပါးအတွက်လည်းကောင်း၊မန္တလေးမြို့ ၄၂လမ်းရှမ်းပွဲရပ်နေ ဖခင်ကြီး ဦးတိုး+မိခင်ကြီး ဒေါ်တင်တင်ရီအားရည်စူး၍ သား၊ သမီး၊ မြေးမိသားစုက ဂိလာနသံဃာ၊ သီလရှင်များနှင့် ဆေးပဒေသာပင် ငွေကျပ် ငါးသိန်းတို့ကို လှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးကြပ်ရေးအထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးလင်း၊ ဘဏ္ဍာရေးမှူး ဦးစိုးလွင်နှင့် ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့သည်။

ကန်တော်ကြီးဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ဂိလာနသံဃာတော်များ၊ သီလရှင်များအား အခမဲ့ကျန်းမာရေးဆေးဝါးကုသပေးလျက်ရှိသည်။ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်၊ ရေအလှူတော်၊ လျှပ်စစ်မီးအလှူတော်၊ ကျောက်ကပ်သွေးသန့်စင်ဌာနအလှူခံဌာနများသို့ လှူဒါန်းလိုပါက ဖုန်း၀၉-၄၀၂၆၂၆၃၂၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ) (ကဆ)**

## အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အလှူရှင်များက (၁၆၇)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး စက်တင်ဘာ ၂**

မန္တလေး အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့် စေတနာရှင်၊ အလှူရှင်များ စုပေါင်း၍ (၁၆၇)ကြိမ်မြောက် စုပေါင်းဘုံဆွမ်းလောင်းလှူပွဲကို စက်တင်ဘာ ၂ ရက် နံနက် ၅နာရီမှစတင်ကာ ညောင်ကွဲရပ်ကွက်အရန်မီးသတ်စခန်းရှေ့တွင် လောင်းလှူကြသည်။

ထိုသို့ ဘုံဆွမ်းလောင်းလှူကြရာတွင် လေးပြင်၊ လေးရပ်မှ ဆွမ်းခံကိုယ်တော် ၁၃၅ပါးတို့အား ဆွမ်း၊ ဝက်သားချက်၊ ကုလားပဲနှပ်၊ ငရုတ်သီးကြော်၊ ပဲတီချဉ်သုပ် စသည့် ဆွမ်းနှင့် အရန်ဆွမ်းဟင်းများ လောင်းလှူကြကြောင်း သိရသည်။**(အောက်ပုံ)**

**မြင့်မော်ထွန်း(အောင်စံပြန်/ဆက်)**



## ဟွာကျုံး ကျောင်းသားဟောင်းများ လူမှုကူညီရေးအသင်းက စုပေါင်းဘုံဆွမ်းလောင်းလှူ



**မန္တလေး စက်တင်ဘာ ၂**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၈၀ပေါ်ရှိ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့ကဦးစီး၍ မန္တလေးမြို့ ဟွာကျုံးကျောင်းသားဟောင်းများ လူမှုကူညီရေးအသင်းက ဧကာဒသမအကြိမ်မြောက် စုပေါင်းဘုံဆွမ်းလောင်းလှူပွဲကို စက်တင်ဘာ ၂ ရက် နံနက် ၆ နာရီက ကျင်းပသည်။

ထိုသို့ ဘုံဆွမ်းလောင်းလှူရာတွင် မိုးကောင်းကျောင်းတိုက်မှ သံဃာတော်အပါး ၂၅၀ တို့အား ပင့်ဖိတ်၍ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းဂေါပကအဖွဲ့ တာဝန်ရှိသူများနှင့် မန္တလေးမြို့ ဟွာကျုံးကျောင်းသားဟောင်းများ လူမှုကူညီရေးအသင်းက ဆွမ်း၊ ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ (ဝဲပုံ)

(ဝ၉၃)

# ကလေးနှင့် သင်ယူမှု အခွင့်အလမ်း

'ဆရာကြီး သူတို့ကလေ သမီးကို စာအုပ်ပေးပြီး မပြဘူး'

ဒုတိယတန်းကျောင်းသူ သမီးငယ်တစ်ဦးက ကျောင်းအုပ်ဆရာကြီးရုံးခန်းသို့ မကြောက်မရွံ့ဘဲ ဝင်ရောက်ကာ တိုင်ကြားနေလေသည်။

ကြည့်လိုက်သည့်အခါ ကိုယ်နှင့်ရေးဖော်ရေးဖက် မိတ်ဆွေတစ်ဦး၏ သမီးကလေး၊ သူ့လက်ထဲတွင် မြန်မာဖတ်စာအုပ်အဟောင်းလေးကိုင်လာသည်ကို တွေ့ရသည်။ စာအုပ်အသစ်က မရသေး။ စာအုပ်အသစ်တွင် နိုင်ငံတော်အလံအကြောင်း သင်ခန်းစာသစ် ပါရှိသည်။ အဟောင်းစာအုပ်တွင်မပါ။ ဤသည်ကို ရည်ညွှန်းကြောင်း ကျွန်တော်သဘောပေါက်လိုက်သည်။

'အေးပါ သမီးရယ်၊ မနက်ဖြန် စာအုပ်အသစ်ရအောင် ဆရာကြီးဆောင်ရွက်ပေးပါ့မယ်'

ကျောင်းအုပ်ကြီးဆိုတာ ကျောင်းတစ်ကျောင်းရဲ့ တာဝန်အရှိဆုံး ပုဂ္ဂိုလ်မဟုတ်လား။ တကယ်တော့ ကလေးကို ကျွန်တော်က ကျေးဇူးပင် တင်ရဦးမည်။ ကျွန်တော်တို့၏ သင်ကြားမှု၊ သင်ယူမှုဝန်းကျင်တွင် ကလေးကိုယ်တိုင် ပါဝင်ဆောင်ရွက်ခြင်းဖြစ်သည်။ ဤသို့ဖြင့် ကျွန်တော်သည် ပညာသင်ယူခြင်းအလုပ်တွင် ကလေးများ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခြင်းအကြောင်းကို အတွေးများနေမိသည်။

ကိုယ်တိုင်ပါဝင်လုပ်ဆောင်မှုဖြင့် သင်ယူခြင်းကို အင်္ဂလိပ်ဝေါဟာရအားဖြင့် Partcipatory Learning ဟုဆိုပါသည်။ အကျိုးကျေးဇူးမှာ အကြောင်းအရာတစ်ခုကို နားမလည်ဘဲ အလွတ်ကျက်မှတ်ခြင်းမှ ကင်းဝေးသွားပေမည်။

ထို့ပြင် ပညာသင်ယူခြင်းသည် အသိပညာ ဗဟုသုတကို လက်ဆင့်ကမ်းပေးရုံသက်သက်မဟုတ်ပါ။ သင်ယူသူတွင်ပါလာသည့် အထုံဝါသနာဗီဇနှင့်အသိပညာအဟောင်းများအပေါ် အခြေခံ၍ အသစ်အသစ်သောပညာများကို ထပ်မံတည်ဆောက်ခြင်းဖြစ်သည်။ ဥပမာအားဖြင့် အီလက်ထရွန်းနစ် နယ်ပယ်တွင် ဒိုင်အုတ်စနစ်များမှ ခရစ်စတယ်စနစ်များသို့ ကူးပြောင်းခြင်းဖြင့် ဝတ္ထုပစ္စည်းများ၏ အရွယ်အစားမှာ လွန်စွာသေးငယ်သွားရလေသည်။ ထို့အတူ VCD စက်များ၏ နည်းပညာ အရည်အသွေးမြင့် ထုတ်ကုန်များအဖြစ် အဆင့်ဆင့်ပြောင်းလဲလာရခြင်းမှာလည်း အသိပညာအဟောင်းအပေါ် အခြေခံ၍ ပြောင်းလဲခြင်းပင် ဖြစ်သည်။

**'ကိုယ်တိုင်စမ်းသပ်လုပ်ကိုင်၍ တစ်သက်တာ ပညာရှာသူ'**

ကိုယ်တိုင်စမ်းသပ်လုပ်ကိုင်၍ တစ်သက်တာ ပညာရှာသူမှာ အခြားသူမဟုတ်။ လူသားအကျိုးပြု တီထွင်မှုပေါင်းများစွာကို လုပ်ဆောင်ခဲ့သည့် ကမ္ဘာကျော်သိပ္ပံပညာရှင်ကြီး သောမက်အယ်လဖာ အယ်ဒီဆင်ပင်ဖြစ်သည်။

အယ်ဒီဆင်ကို ၁၈၄၇ခုနှစ်၊ အမေရိကန်ပြည်ထောင်စု အိုဟိုင်းယိုးပြည်နယ်၊ မီလန်မြို့လေးတွင် မွေးဖွားသည်။ အယ်ဒီဆင်၏ စရိုက်မှာ နေရာတကာတွင် စပ်စုပြီး ဘာမဆို ကိုယ်တိုင်လုပ်ရမှ ကျေနပ်သူဟု ဆိုသည်။ အယ်ဒီဆင် မူလတန်းကျောင်းရောက်သည့်အခါ စပ်စုသည့်အကျင့်က မပျောက်။ ဆရာစာသင်ချိန်မှာ စာကို ဂရုမပြုဘဲ လမ်းပေါ်တွင် သွားလာနေသည်။ မီးရထား၊ မော်တော်ကားများကို ငေးကြည့်နေတတ်သည်။ ကျောင်းက ဆရာတွေက သူ၏အထုံဗီဇကို ဂရုမပြုမိ၊ ကြိမ်နှင့်ရိုက်၍ အပြစ်ပေးသည်။ နောက်ဆုံးတွင် အယ်ဒီဆင် ကျောင်းကိုမုန်းလာပြီး ကျောင်းနေသက် တစ်နှစ်သာသာခန့်တွင် ကျောင်းထွက်ခဲ့ရသည်။

**'အမေ့ကျောင်းမှာ'**

အယ်ဒီဆင်၏ ထူးခြားသည့်အရည်အချင်းကို သိနေသော အငြိမ်းစားကျောင်းဆရာမ သူ့မိခင်က သူ့ကို အိမ်မှာပင် စာသင်ပေးသည်။ အသက်(၁၂)နှစ်အရွယ်တွင် အက်ဒီဆင်သည် ဓာတုဗေဒပညာကို အထူးစိတ်ဝင်စားသည်ဟု ဆိုသည်။ အမြော်အမြင်ကြီးသည့် ဖခင်နှင့်မိခင်တို့က အက်ဒီဆင်၏ဝါသနာကို မတားဆီးခဲ့ပါ။ သို့သော်လည်း မိဘများမှာ ချမ်းသာသူများ မဟုတ်သောကြောင့် သူလိုအပ်သည့် ကိရိယာနှင့်ဓာတ်ဆေးများကို ဝယ်ယူနိုင်ရန် အက်ဒီဆင်သည် ရထားပေါ်မှာ လိုက်ပြီး သတင်းစာရောင်းခဲ့ရသည်။

အသက်(၁၃)နှစ်အရွယ် အက်ဒီဆင်သည် ရထားတွဲတစ်တွဲပေါ်၌ ဓာတုဗေဒစမ်းသပ်မှုတစ်ခုကို လုပ်ဆောင်ခဲ့ရာ ရုတ်တရက်ပေါက်ကွဲပြီး နားတစ်ဖက် ပင်းခဲ့ရသည်။ သို့သော် အထုံဝါသနာကြီးလွန်းလှသည့် အယ်ဒီဆင်က သူ၏ ကျန်သည့်နားတစ်ဖက်နှင့် စူးရှသည့်မျက်ဝန်းတစ်စုံကို အသုံးပြုပြီး ကြေးနန်းရိုက်ကိရိယာ၊ လျှပ်စစ်ဂျင်နရေတာ၊ လျှပ်စစ်မီးသီး၊ ရုပ်ရှင်ပြစက်၊ ဓာတ်စက်အပါအဝင် တီထွင်မှုပေါင်းများစွာကို လုပ်ဆောင်နိုင်ခဲ့လေသည်။

သူသည် ရူပဗေဒနှင့် ဓာတုဗေဒတွင် သူမတူအောင် ထူးချွန်သော သိပ္ပံပညာရှင်ကြီးဖြစ်သည်။ သူအလုပ်လုပ်သော 'မယ်လွန်ပတ်' သုတေသနဌာနကြီးတစ်ခုလုံးကို သူ၏တီထွင်မှုစက်ရုံကြီးအဖြစ် ပြောင်းလဲနိုင်သူဟု ဆိုသည်။

**'လျှပ်စစ်မီးသီးကို တီထွင်ခြင်း'**

သူ့အသက်(၃၂)နှစ်အရွယ်တွင် အချိန်ကြာကြာ ထွန်းလင်းနိုင်မည့် မီးသီးတစ်မျိုးကို တီထွင်ပြမည်ဟု ကြေညာခဲ့သည်။

**'အယ်ဒီဆင်ပြောပြသည့် လျှပ်စစ်မီးသီး တည်ဆောက်ပုံ'**

**'အခြေခံအသိပညာ'**

**လျှပ်စစ်စွမ်းအင် ⟼ အပူစွမ်းအင် ⟼ အလင်းစွမ်းအင်**

'လျှပ်စစ်ခလုတ်ကိုဖွင့်လိုက်တဲ့အခါ လျှပ်စစ်ဓာတ်တွေက ခလုတ်ကိုဖြတ်ပြီး မီးသီးထဲကို စီးဝင်သွားတယ်။ မီးသီးထဲမှာ နန်းကြိုးမျှင်တွေလို့ခေါ်တဲ့ သေးငယ်တဲ့ကြိုးမျှင်ကလေးတွေရှိတယ်။ နန်းကြိုးမျှင်ထဲ လျှပ်စစ်ဓာတ်ရောက်ရှိလာတဲ့အခါမှာ လျှပ်စစ်ဓာတ်က နန်းကြိုးမျှင်လေးတွေကို ပူစေတယ်။ အလွန်ပူလာတဲ့အခါ တောက်ပလင်းလက်တဲ့ အလင်းတန်းတွေ ထွက်ပေါ်လာတယ်။

ကလေး၏သင်ယူမှုအခွင့်အလမ်းကို ဖော်ထုတ်ရာ၌ ကလေးဗဟိုပြုသင်ကြားရေးသည် အသင့်လျော်ဆုံးဖြစ်၏။ သင်နည်းလမ်းညွှန်အဖြစ် မျက်မှောက်ကာလတိုင် ခေတ်မီနေဆဲဖြစ်သော အင်းဝခေတ် ရဟန်းစာဆို ရှင်မဟာရဋ္ဌသာရ၏ "သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ဓာ" အစချီ "သီကုန်းပန်းသွင်" လင်္ကာပင်ဖြစ်၏။ ဆရာတော်၏ သင်နည်းလမ်းညွှန်မှာ မျက်မှောက်ကာလခေတ်မီပါသည်ဆိုသော သင်နည်းစနစ်များကို လွှမ်းခြုံနေဆဲ။

မီးသီးထဲကနန်းကြိုးက တန်စတင်နန်းကြိုးဖြစ်တယ်။ တန်စတင်သတ္တုက အပူရည်ပျော်မှတ်မြင့်တယ်။ ပူပေမယ့် အရည်မပျော်နိုင်ဘူး။ မီးသီးထဲမှာ အာဂွန်လိုဓာတ်ငွေ့လည်း ထည့်ထားတယ်။ အာဂွန်က တန်စတင်နဲ့ ဓာတ်မပြုဘူး။ မီးသီးထဲမှာ လေမရှိတော့ အောက်စီဂျင်လည်းမရှိဘူး။ အောက်စီဂျင်က တန်စတင်သတ္တုနဲ့ ဓာတ်ပြုနိုင်လို့ မီးသီးက ချက်ချင်းပေါက်ကွဲသွားနိုင်တယ်။ ဒါကြောင့် အာဂွန်လို တန်စတင်နဲ့ ဓာတ်မပြုနိုင်တဲ့ဓာတ်ငွေ့ကို သုံးတာပေါ့'။

ထို့ပြင် အက်ဒီဆင်သည် ဗေကမ်ကျူ ခေါ်သည့် လေဟာနယ်လျှပ်စစ်မီးချောင်း၏ အခြေခံသဘောတရား၊ ရေဒီယို၊ တယ်လီဗီးရှင်းတို့၏ အခြေခံပညာရပ်များကို ဖော်ထုတ်ပေးခဲ့သည်။ လျှပ်စစ်ဟူသော အလင်းရောင်ဖြင့် ကမ္ဘာ့လူသားတို့၏ လောကနိဗ္ဗာန်ကို ပို့ဆောင်ပေးခဲ့သော သောမက်အက်ဒီဆင်သည် ၁၉၃၁ခုနှစ် အသက်(၈၄)နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သည်။ ကွယ်လွန်သွားသော်လည်း သူ၏အထုံပါရမီနှင့်ပတ်သက်သော အတွေးအမြင်က ကမ္ဘာကျော်ခဲ့သည်။

**'အထုံပါရမီ'**

'အထုံပါရမီဆိုတာ မှတ်ဉာဏ်က တစ်ရာခိုင်နှုန်းနဲ့ လုံ့လဝီရိယက ၉၉ရာခိုင်နှုန်း ပါဝင်ပါတယ်။'

**သောမတ်အယ်လဖာအက်ဒီဆင်(၁၈၄၇-၁၉၃၁)**

**'ကိုယ်တိုင်ပါဝင်လုပ်ဆောင်ခြင်း၏ အကျိုးကျေးဇူး'**

ကိုယ်တိုင်ပါဝင်လုပ်ဆောင် သင်ယူခြင်းက သင်ယူသူတွင် ရှိပြီးသော အသိပညာကို ဖော်ထုတ်ခွင့်၊ အသုံးချခွင့် ရရှိလာသည်။ အောင်မြင်မှုအတွက် အများ၏ အသိအမှတ်ပြုမှုကို ရရှိနိုင်သည်။ ထို့ပြင် စာသင်သားတပည့်တို့သည် မိမိကိုယ်မိမိ ယုံကြည်မှုဟူသော ဘဝအားမာန်များလည်း တိုးပွားလာပေမည်။ မိဘ၊ ဆရာနှင့် သူတစ်ပါးကို အားကိုးရာမှ မိမိကိုယ်ကို အားကိုးလာပေမည်။ သောမတ်အက်ဒီဆင်ကဲ့သို့ ဆင်ခြင်တွေးခေါ်၍ တီထွင်ဖန်တီးလိုစိတ်များ တိုးပွားလာပေမည်။

အုပ်စုဖွဲ့သင်ယူခြင်းတွင်လည်း အများနှင့် စုပေါင်းဆောင်ရွက်ခြင်း၏အကျိုးကျေးဇူးကိုသိရှိကာ တစ်ဦးနှင့်တစ်ဦး စာနာထောက်ထားစိတ်၊ ရိုင်းပင်းကူညီလိုစိတ်များ တိုးပွားလာပေမည်။ သည့်အတွက် အကျိုးကျေးဇူးမှာ အချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်သည့် အများနှင့်လိုက်လျောညီထွေပြုမူနိုင်စွမ်းရှိသည့် အရည်အသွေး (Social Skill) များကို ရရှိပေမည်။

အများနှင့်လိုက်လျောညီထွေ နေထိုင်နိုင်မှုနှင့်ပတ်သက်၍ အချို့သောမိဘများ၏ အပြုအမူတို့မှာ ကလေးတို့၏ သင်ယူမှုအခွင့်အလမ်းကို ပိတ်ပင်သကဲ့သို့ ရှိနေသည်။ မိဘအချို့သည် ကလေးတို့အား ထိုက်သင့်သော အခွင့်အရေးမပေး၊ အချစ်ပိုတတ်၊ စိုးရိမ်တတ်ကြသဖြင့် မိဘလောင်းရိပ်မိနေသည့် ကလေးအချို့ကိုလည်း တွေ့ရသည်။ ပမာဆောင်ရသော် ကိုယ့်ကလေး သူများကလေးနှင့် ရန်ဖြစ်မှာစိုး၍ ကျောင်းတက်ချိန်နီးမှ ကျောင်းသို့ပို့သောမိဘများ စဉ်းစားသင့်သည်။

ရှေးယခင်က အသုံးပြုခဲ့သော ဆရာဗဟိုပြု ဟောပြောသင်ပြသည့်နည်းမှာ မျက်မှောက်ကာလတွင် ခေတ်မမီတော့ပါ။ ပို့ဆိုးသည်မှာ စာမေးပွဲအောင်ရေး ဦးတည်သင်ကြားသော 'ဒါပဲကြည့်ကွက်တိ' ဟူသော နည်းစနစ်မှာ တပည့်၏အနာဂတ်အတွက်ရေတိုင်းပြည်အတွက်ပါ နစ်နာလှသည်။

ကလေး၏သင်ယူမှုအခွင့်အလမ်းကို ဖော်ထုတ်ရာ၌ ကလေးဗဟိုပြုသင်ကြားရေးသည် အသင့်လျော်ဆုံးဖြစ်၏။ သင်နည်းလမ်းညွှန်အဖြစ် မျက်မှောက်ကာလတိုင် ခေတ်မီနေဆဲဖြစ်သော အင်းဝခေတ်ရဟန်းစာဆို ရှင်မဟာရဋ္ဌသာရ၏ 'သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ဓာ' အစချီ 'သီကုန်းပန်းသွင်' လင်္ကာပင်ဖြစ်၏။ ဆရာတော်၏ သင်နည်းလမ်းညွှန်မှာ မျက်မှောက်ကာလခေတ်မီပါသည်ဆိုသော သင်နည်းစနစ်များကို လွှမ်းခြုံနေဆဲ။ ကြည့်လေ။

သင်ယူသူကိုယ်တိုင်က **သု**ဏေယျ = ကြားနာရာ၏။ **စိ**န္တေယျ = ကြံစည်ရာ၏။ **ပု**စ္ဆေယျ = မေးမြန်းရာ၏။ **ဘာ**သေယျ = ပြောဆိုရာ၏။ **ဝိ**စာရေယျ = စူးစမ်းရာ၏။ **လိ**ခေယျ = ရေးသားရာ၏။ **သိ**က္ခေယျ = လေ့ကျင့်ရာ၏။ **ဓာ**ရေယျ = နှုတ်တက်ဆောင်ရာ၏။

အထက်ပါတို့အနက် မေးမြန်းခြင်း၊ ပြောဆိုခြင်း၊ စူးစမ်းခြင်းတို့၌ တစ်ဦးတစ်ယောက်တည်း ဆောင်ရွက်၍မရ။ အုပ်စုဖွဲ့သင်ယူခြင်း၌ စာသင်သားများကိုယ်တိုင် ပါဝင်လုပ်ဆောင်မှုဖြင့် သင်ယူပုံကို ရည်ညွှန်းခြင်းဖြစ်သည်။

အချုပ်အားဖြင့် မိဘနှင့်ဆရာသမားတို့က ကလေးများကိုယ်တိုင်ပါဝင်ဆောင်ရွက်၍ သင်ယူနိုင်ရန် မိမိကိုယ်မိမိ ယုံကြည်မှုရှိလာစေရန် အများနှင့်စုပေါင်းဆောင်ရွက်တတ်ရန်တို့အတွက် ကလေးတို့၏ သင်ယူမှုအခွင့်အလမ်းများကို ဖန်တီးပေးရမည်။ ကလေးတို့၏ ကိုယ်နှင့်စိတ်ကို ထိပ်ခတ်ထားခြင်းမရှိဘဲ ကလေးတို့က မိမိတို့၏ ဆန္ဒနှင့်စွမ်းရည်ကို လွတ်လပ်စွာ ဖော်ထုတ်တင်ပြခွင့် ပြုရပေမည်။ သို့ဆိုပါလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေး၌ ပညာသည်သာ အခရာဖြစ်ကြောင်း မျက်ဝါးထင်ထင် တွေ့မြင်နိုင်ကြပေလိမ့်မည်။

**သန်းစိုးအောင်**



## မြို့ဦးမင်္ဂလာကျောင်းကြီးတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ရွာငံ စက်တင်ဘာ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၏ စီစဉ်မှုဖြင့် ရွာငံမြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌမှ ဦးဆောင်ကာ စုပေါင်းသန့်ရှင်းရေးကို ဩဂုတ် ၃၁ရက် နံနက် ၇ နာရီက မြို့ဦး မင်္ဂလာကျောင်းကြီးဝင်း အတွင်း၊ အပြင်တို့၌ ဆောင်ရွက်ခဲ့သည်။

မိုးတွင်းကာလသို့ ရောက်ရှိလာပြီး ပိုးလောက်လမ်း၊ ခြင်ပေါက်ဖွားမှုကင်းဝေးပြီး သန့်ရှင်းသာယာလှပစေရန် ဘုရားကျောင်းကန်စေတီပုထိုးများ၊ ဆေးရုံဆေးပေးခန်းများ၊စာသင်ကျောင်းများ၊မြို့တွင်း/ ပြင်များ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဦးဆောင်၍ စနေနေ့တိုင်းတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊လူမှုရေးအသင်းအဖွဲ့များ၊ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်၍ လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် မြို့ဦးမင်္ဂလာကျောင်းကြီး ဘုရားစေတီရင်ပြင်တော်၌ သစ်ပင်ချုံနွယ်နှင့် ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများအတွင်းရှိ အမှိုက်သရိုက်များ ရှင်းလင်းခြင်း၊ ခြင်ပေါက်ပွားနိုင်သောနေရာတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြပြီး အမှိုက်များအား မြို့နယ်စည်ပင်အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျ သယ်ယူစွန့်ပစ်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၃၃၈)

## ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်

**ကျောက်ဆည် စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို စက်တင်ဘာလတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒေါ်တင်တင်ထွေးက ကျောက်ဆည်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် စက်တင်ဘာလ (၉)ရက်နေ့တွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ကာယ၊ဉာဏစွမ်းရည်ပြိုင်ပွဲများနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ အခြေခံပညာကျောင်းများ၊ကိုယ်ပိုင်ကျောင်းများ၊ အဆင့်မြင့်ကျောင်းများ၊ တက္ကသိုလ်များမှပူးပေါင်း၍ ပြခန်းများ ထည့်သွင်းပြသသွားမည်ဖြစ်ကြောင်း၊ပြိုင်ပွဲများနှင့် ပြပွဲများနှင့် အမှတ်တရလက်ဆောင်ပေးခြင်းများ စနစ်တကျဆောင်ရွက်နိုင်ရေး၊ပြိုင်ပွဲများအလိုက် အမှတ်ပေးဒိုင်များ၊ အမှတ်ပေးစည်းမျဉ်းများ ရေးဆွဲနိုင်ရေးရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်ပြီး မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအောင်ကိုကိုဇော်က စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် မြို့နယ်စာရေးဆရာအသင်းအနေဖြင့် အပြည့်အဝပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အသိပညာပေးစာပေဟောပြောပွဲနှင့် ပြိုင်ပွဲများတွင် ပါဝင်ဆောင်ရွက်သွားမည့် အကဲဖြတ်အမှတ်ပေးဒိုင်များ ရွေးချယ်ထားပြီးဖြစ်ပြီး စာရေးဆရာများ၏ အမည်စာရင်းများကို ကြေညာခဲ့ရာ တက်ရောက်လာသည့် စာရေးဆရာများက ကဏ္ဍအလိုက်ပူးပေါင်း ပါဝင်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊အမှတ်ပေးစည်းမျဉ်းများ စနစ်တကျရေးဆွဲထားခြင်းများ ပြန်လည်ဆွေးနွေးခဲ့ရာ ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက လိုအပ်သည်များကို ပေါင်းစပ်ဆွေးနွေး ပြောကြားခဲ့ကြောင်းသိရသည်။



(အပေါ်ပုံ) (၄၈၅)

## နတ်မောက်မြို့ဝန်းကျင်ရှိ အညာဒေသတွင် တစ်နိုင်တစ်ပိုင် တိုင်ထောင်ခရမ်းချဉ်သီးများ စိုက်ပျိုး

**နတ်မောက် စက်တင်ဘာ ၂**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့ အညာဒေသများတွင် ကျေးလက်နေပြည်သူများက စားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ မိသားစုအပိုဝင်ငွေရရှိစေရန် တိုင်ထောင်ခရမ်းချဉ်ကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးလုပ်ကိုင်ကြသည်။

"ကျွန်တော်တို့ရွာမှာရှိတဲ့ စိုက်ပျိုးရေးတောင်သူတွေဟာ (နွေ၊ မိုး၊ ဆောင်း) တစ်နှစ်ပတ်လုံး ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြပါတယ်။ မိမိတို့၏ ဥယျာဉ်ခြံမြေများတွင် နှစ်ရှည်ပင်များဖြစ်သည့် ငှက်ပျော၊ သဘော်၊ သရက်၊ ကင်ပွန်းချဉ်၊ ကြောင်လျှာများ စိုက်ပျိုးထားရှိသလို သက်တမ်းတိုသီးနှံများဖြစ်သည့် ပဲရှည်သီး၊ တိုင်ထောင်ပဲ၊ ငရုတ်၊ ချဉ်ပေါင်၊ ကန်စွန်း၊ ကြက်ဟင်းခါး၊ ရွှေဖရုံ၊ မြန်မာနံနံ၊ ဗမာခရမ်းချဉ်နှင့် တိုင်ထောင်ခရမ်းချဉ်များကို စိုက်ပျိုးကြပါတယ်။ တိုင်ထောင်ခရမ်းချဉ် စိုက်ပျိုးမယ်ဆိုရင် ခရမ်းချဉ်မျိုးစေ့ကို အိတ်ထဲထည့်ပြီး ပျိုးထောင်ရပါတယ်။ ပျိုးထောင်ပြီး ၄၅ရက်ရှိတာနဲ့ ပြုပြင်ပြီးမြေပေါ်တွင် တန်းကြားပင်ကြား နှစ်တောင်အကွာထား၍ စိုက်ပျိုးရပါတယ်၊ အပင်များဖြစ်ထွန်းလာပါက ဝါးများဖြင့် တိုင်ထောင်ပေးရပါတယ်။ ခုဆိုရင် ကျွန်တော်စိုက်ပျိုးထားတဲ့ တိုင်ထောင်ခရမ်းချဉ်တွေဟာ အပွင့်အသီးများ စတင်သီးပွင့်နေပြီဖြစ်ပါတယ်။ တိုင်ထောင်ခရမ်းချဉ်သီးများ ရင့်မှည့်လာပြီဆိုပါက မြို့မဈေးသို့ တင်ပို့ရောင်းချသွားမှာဖြစ်ပါတယ်"ဟု စိုက်ပျိုးသူ ကိုငွေးလွင်က ပြောသည်။

နတ်မောက်မြို့နယ်တွင် တိုင်ထောင်ခရမ်းချဉ်များကို ရွာမွန်၊ မျက်ရဲကန်၊ ကန်ကြီးကုန်း၊ န/လက်ခုပ်ပင်၊ အင်းကုန်း၊ ဘုန်းတော်ပြည့်နှင့် ပ/ကျားထူး ကျေးရွာများတွင် မိသားစုစီးပွားရေး အပိုဝင်ငွေရရှိရန် တစ်နိုင်တစ်ပိုင်စိုက်ပျိုးကြကြောင်း သိရသည်။



(အောက်ပုံ) မူမူစန်း

## ကျေးရွာနှစ်ရွာတွင် စာကြည့်တိုက်အဆောက်အအုံသစ် ဆောက်လုပ်မှု ၈၀ ရာခိုင်နှုန်း ပြီးစီး

**တပ်ကုန်း စက်တင်ဘာ ၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဥတ္တရခရိုင်၊တပ်ကုန်းမြို့နယ်၊ ထုံးဖိုကျေးရွာနှင့် ဒရောက်ကူးကျေးရွာတို့တွင် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီမှ မ,တည်ငွေဖြင့် စာကြည့်တိုက်အဆောက်အအုံသစ်များ ဆောက်လုပ်လျက်ရှိရာ စာကြည့်တိုက်အဆောက်အအုံသစ်များကို ယမန်နေ့ မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

စစ်ဆေးရေးအဖွဲ့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်မြင့်မိုး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်၊မြို့နယ်လမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သူသူငြိမ်းတို့က စာကြည့်တိုက်အဆောက်အအုံသစ်များအား ကြည့်ရှုစစ်ဆေးကာ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေးရှင်းလင်းမှာကြားခဲ့သည်။

အဆိုပါ ကျေးရွာများတွင် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီမှ မ,တည်ငွေကျပ်သိန်း ၁၅၀ဖြင့် ဆောင်ရွက်ကြသည့် ထုံးဖိုကျေးရွာတွင် အလျား ၂၀ ပေ၊ အနံ ၁၆ ပေဖြစ်၍ ၈၀ ရာခိုင်နှုန်းပြီးစီးကြောင်း၊ဒရောက်ကူးကျေးရွာတွင် အလျား ၂၀ပေ၊ အနံ ၂၀ ပေဖြစ်၍ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ၅၀ ရာခိုင်နှုန်းပြီးစီး

**မိတ္ထီလာ စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်တွင် ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြင့် တောင်းကောက်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ၅၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေ ၁၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေ ၅ ဒသမ ၇၀ သန်းတို့ဖြင့် အရှည်ပေ ၆၆၀၊ အကျယ် ၁၂ပေ၊ ထု ၆လက်မရှိ ကုက္ကိုကုန်းကျေးရွာအုပ်စု၊ တောင်းကောက်ကျေးရွာ ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်ပြီး ကျေးရွာသူ၊ကျေးရွာသားများ၏ စုပေါင်းအားဖြင့် ဆောင်ရွက်လျက်ရှိရာ ၄င်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းမှာ ၅၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်သည်။ အဆိုပါ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၁၁၀၊ လူဦးရေ ၄၅၅ ဦးတို့မှ ရာသီမရွေးသွားလာရ အဆင်ပြေတော့မည်ဖြစ်သည်။

မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအား နိုင်ငံတော် ထောက်ပံ့ရန်ပုံငွေကျပ် ၂၅၅သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် သန်း ၉၁ ဒသမ ၃၀၊ စုစုပေါင်း (၃၄၆ ဒသမ ၃၀)သန်းဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာ (၁၇)ရွာအား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းထံမှ သိရသည်။

(၄၆၉)

## သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်

**ပခုက္ကူ စက်တင်ဘာ ၂**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပခုက္ကူမြို့၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ယမန်နေ့နံနက် ၉ နာရီခွဲက သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးအသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ပခုက္ကူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းယုမော်က မြေပြိုခြင်း၊ တောင်ပြိုခြင်းနှင့် ရေကြီးခြင်းများအပါအဝင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်အချက်များ၊ ဘေးအန္တရာယ် အမျိုးအစားအလိုက် အရောင်စနစ်ဖြင့် သတိပေးချက်များ၊ ဘေးအန္တရာယ်ဖြစ်ပွားနေစဉ်နှင့် ဖြစ်ပွားပြီးနောက် လိုက်နာဆောင်ရွက်ရမည့် ဆောင်ရန်၊ ရှောင်ရန်အချက်များအကြောင်းတို့ကို အသိပညာပေး ရှင်းလင်းဟောပြောခဲ့သည်။

အဆိုပါဟောပြောပွဲတွင် ပခုက္ကူခရိုင်ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းလင်း၊ ပခုက္ကူမြို့၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးစန်းအောင်နှင့် ဆရာ၊ ဆရာမများ၊ကျောင်းသား၊ကျောင်းသူများ၊ ပခုက္ကူမြို့၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်ခင်မိုးမြင့်နှင့်ဆရာမများ၊ အဆင့်မြင့် အိမ်တွင်းမှုစက်ချုပ်သင်တန်းအမှတ်စဉ်(၈)သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**(၃၄၀)**

ဝ-ဝ-ဝ-ဝ-ဝ





## အာခါတိုင်းရင်းသားလူမျိုးများ၏ ရိုးရာဒန်းစီးပွဲတော် ကျင်းပ

**ကျိုင်းတုံ စက်တင်ဘာ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ အာခါတိုင်းရင်းသားတို့၏ရိုးရာ ဒန်းစီးပွဲတော်ကို ယမန်နေ့က အမေ့ရင်ခွင်ကျောင်းတော်တွင် ကျင်းပခဲ့သည်။

ဦးစွာ အာခါတိုင်းရင်းသားလူမျိုးများ၏ရိုးရာ ဒန်းစီးပွဲတော်အား တြိဂံဒေသတိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး ကျော်နိုင်စိုးနှင့် အဖွဲ့ဝင်များ၊ ပြည်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးဇော်လွင်ဦး၊ ပြည်နယ်ဒုတိယ ရဲတပ်ဖွဲ့မှူး ရဲမှူး ကြီးအေးသိန်း၊ အာခါတိုင်းရင်းသား တာဝန်ရှိသူ ဦးမင်းညိုတို့က ဦးဆောင်၍ ဒန်းတော်အားစီးနင်း မင်္ဂလာပေးကြသည်။

အခမ်းအနားတွင် ဗိုလ်မှူးကြီး ကျော်နိုင်စိုးနှင့် ပြည်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး အာခါတိုင်းရင်းသားတာဝန်ရှိသူက အာခါတိုင်းရင်းသား လူမျိုးများ၏ကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဧည့်သည်တော်များအား အာခါရိုးရာယဉ်ကျေးမှု အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အာခါတိုင်းရင်းသားများသည် တောင်ပေါ်ဒေသနေ လူမျိုးစုဖြစ်သည့်အလျောက် တောင်ယာစိုက်ပျိုးရေးစနစ်ကို ဘိုးစဉ်ဘောင်ဆက်လုပ်ကိုင်လာခဲ့ကြရာ ယခုအချိန်သည် မိမိတို့၏တောင်ယာ၊ လယ်ယာများကို ထွန်ယက်စိုက်ပျိုးပြီးစီးပြီးနောက် ညီညွတ်ခြင်း၊ အေးချမ်းခြင်းနှင့် စားရေရိက္ခာ ဖူလုံကြွယ်ဝစွာ ရရှိစေရန် စိုက်ထူထားသည့် ဒန်းတော်ကို ပျော်ရွှင်စွာစီးနင်းကာ မိမိတို့၏ ယဉ်ကျေးမှု အမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် အမျိုးဂုဏ်ကို မြင့်တင်နိုင်ရန်ရည်ရွယ်၍ ဒန်းစီးပွဲတော်ကို ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## အခြေခံဥပဒေများ သိရှိနိုင်ရေး အသိပညာပေးဟောပြော

**မူဆယ် စက်တင်ဘာ ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်ခရိုင် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ အခြေခံဥပဒေရေးရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့ဆေးရုံမှ ဒေါက်တာအောင်ကျော်ဇောက မျောက်ကျောက်ရောဂါအကြောင်း အသိပညာပေး ဟောပြောသည်။ ထို့နောက် မူဆယ်ခရိုင် ဥပဒေအရာရှိ ဦးဆန်းထွန်းက ကျောင်းသား၊ ကျောင်းသူများ အခြေခံဥပဒေရေးရာများအကြောင်းကို အသိပညာပေး ဟောပြောခဲ့သည်။ ကျောင်းသား၊ ကျောင်းသူများက ဥပဒေရေးရာသိရှိလိုသည့် အကြောင်းအရာများကို မေးခွန်းများမေးမြန်းကြရာ ခရိုင်ဥပဒေအရာရှိက အသေးစိတ်ဖြေကြားပေးခဲ့သည်။

**(ယာပုံ)**

ဆက်လက်ပြီး မူဆယ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးအယ်လ်စိုးထန်တူးက စာဖတ်ရှိန်မြင့်တင်ရေး စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ဟောပြောသည်။ ထို့ပြင် မြို့နယ်ဥပဒေအရာရှိ ဒေါ်ခင်မွန်စံနှင့်ဝန်ထမ်းများက ဥပဒေအကြောင်းအရာများကို အသိပညာပေး ဆွေးနွေးကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## အမှတ်(၁၈)အခြေခံပညာအထက်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်၏ ကဏ္ဍတစ်ရပ်ဖြစ်သည့် ဉာဏစွမ်းရည်ဆိုင်ရာပြိုင်ပွဲများ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၈)အခြေခံပညာအထက်တန်းကျောင်း၊ ပညာရတနာခန်းမ၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဩဂုတ် ၃၁ နံနက်ပိုင်းတွင် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော်၏ အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲကို ကျင်းပခဲ့သည်။

ရှေးဦးစွာ နေပြည်တော် စာပေပိုင်းမှ စာရေးဆရာ အိုင်ပီမျိုးအောင်က ကျပန်းစကားပြောပြိုင်ပွဲအမှတ်ပေး စည်းမျဉ်းစည်းကမ်းများအား ရှင်းလင်းပြောကြားခဲ့သည်။

**(ဝဲပုံ)**

အဆိုပါ အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၂၃ ဦးတို့က ခေါင်းစဉ်များအား မဲနှိုက်၍ ကျရာခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာစီစာကုံးပြိုင်ပွဲတွင် "ဗလငါးတန်ပြည့်စုံဖို့ စာကြည့်တိုက်သို့ သွားကြစို့" ခေါင်းစဉ်ဖြင့်လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် လူငယ်ဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များနှင့် "လှပသာယာပြည်မြန်မာ" ရောင်စုံဓာတ်ပုံများကို ကျောင်းသားကျောင်းသူလေးများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ပြန်/ဆက်)**



## အေးမြကြည်လင်ဈေးပတ်လမ်းအား ကတ္တရာထပ်ပိုးလွှာခင်းပေး

**ကျောက်ဆည် စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့ဖွံ့ဖြိုးရေး၊ သန့်ရှင်းသာယာလှရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် အေးမြကြည်လင်ဈေးပတ်လမ်းအား ကတ္တရာထပ်ပိုးလွှာခင်းပေးခဲ့ရာ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်သည်။

ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများကို ခွင့်ပြုရန်ပုံငွေ ၅၇ ဒသမ ၆၇၃ သန်း အကုန်အကျခံကာ လမ်းအရှည် ၁၀၉၈ ပေ၊ အကျယ် ၁၈ ပေ၊ ထု ၉ လက်မ ခင်းပေးခဲ့ကြောင်းနှင့် ကျောက်ဆည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့သာယာလှပရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် လိုအပ်သည့်နေရာများတွင် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၈၅)**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ e-Govemment လုပ်ငန်းစဉ်များအတွက် Video Coferencing Camera နှင့် ဆက်စပ်ပစ္စည်းများဝယ်ယူခြင်း လုပ်ငန်းအား တင်ဒါခေါ်ယူဆောင်ရွက်မည်ဖြစ်ပါ၍ လုပ်ငန်းဆောင်ရွက်လိုသည့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက် | - | ၃-၉-၂၀၂၄(အင်္ဂါနေ့) ရုံးချိန်အတွင်း |
| (ခ) | တင်ဒါပုံစံနောက်ဆုံးပေးသွင်းရမည့်နေ့ရက် | - | ၁၆-၉-၂၀၂၄(တနင်္လာနေ့) ရုံးချိန်အတွင်း |

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး(၀၂-၂၈၄၄၉၉၃)သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

## (၂၈-၈-၂၀၂၄)နေ့စွဲပါ မန္တလေးနေ့စဉ်သတင်းစာ စာမျက်နှာ-၂၀ပါ ဒေါ်ငိုင်ရနင်၏ အများသိစေရန် အသိပေးကြေညာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ခြင်း

မန္တလေးမြို့၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ မမ-၂၄၊ ဦးပိုင်အမှတ်(၉၅)နေ ဒေါ်ယဉ်ယဉ်မျိုးသူ(ဘ)ဦးတင်ထွန်း(၅/ဇမန(နိုင်)၀၃၇၀၀၈)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာအိမ်ရာ(၄)ခန်းတွဲ၊ (၆)ထပ်၊ အကွက်အမှတ်(မမ-၂၅)၊ တိုက်အမှတ်(၁)၊ အခန်းအမှတ်(၁)၊ မြေညီထပ် အခန်းအမည်ပေါက် ဒေါ်မြတ်မြတ်နိုင်(ဘ)ဦးအုန်းမောင်(၉/အမရ(နိုင်)၀၀၃၈၁၄)အမည်ပေါက်(၁၀-၁၂-၂၀၁၈)ရက်စွဲပါ စာအုပ်အမှတ်-00295မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဝယ်ယူသူကြား ချုပ်ဆိုသည့် လူနေထိုင်ခွင့် လွှဲပြောင်းရောင်းချသည့် စာအုပ်မူရင်း၊ အကွက်(မမ-၂၅)၊ တိုက်အမှတ်(၁)၊ မြေညီထပ်၊ အခန်း(၁)၊ ကျပ်သိန်း(၂၆၀)၊ စလစ်မူရင်း(၁)ကဒ်၊ (၃၀-၅-၂၀၂၃)နေ့စွဲပါ AYAဘဏ်ခွဲ (၂၅)အင်္ဂါးဝယ်စနစ်ဖြင့် တိုက်ခန်းဝယ်ယူထားခြင်းအား အပြေအကြေပေးဆပ်ပြီးဖြစ်ကြောင်းနှင့် တိုက်ခန်းစာအုပ်ထုတ်ပေးပြီးကြောင်း တင်ပြခြင်းကိစ္စမူရင်း(၁)စောင်၊ ဒေါ်မြတ်မြတ်နိုင်မှ AYA ဘဏ်သို့ ပေးသွင်းထားသော ငွေစာရင်းမှတ်တမ်း(၁)စောင်စသည့် မူရင်းစာရွက်စာတမ်းများအားလုံးသည် ကျွန်ုပ်မိတ်ဆွေဖြစ်သူက လက်ဝယ်၌ရှိပါသည်။

ထို့ကြောင့် ဒေါ်ငိုင်ရနင်မှ အထက်ပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ ထပ်မံထုတ်ယူခွင့် လျှောက်ထားခြင်းအပေါ် ကန့်ကွက်ပါကြောင်း အများသိစေရန် ပြန်လည်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်စော်လင်း (LL.B)** **ဒေါ်ဆုမွန်သန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၀၀၇၈/ ၂၉-၇-၂၀၁၄) (စဉ်-၁၄၈၄၃/ ၃၀-၇-၂၀၁၈)**
**အကွက်(၁၂၀)၊ ၈၇လမ်းနှင့် ၈၈လမ်းကြား၊ ၂၀လမ်းနှင့် ၂၁လမ်းကြား၊**
**မီးသွေးတန်းရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၆၈၃၉၀၄၁၈၄၊ ၀၉-၂၅၆၀၃၅၄၁၅**

## ဒေါ်ရီ(၄င်း၏ သမီးဖြစ်သူ)ဒေါ်ခင်ဖြူအေးနှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်တွင် နေထိုင်သူ ဦးလှမွန်ဦး(ဘ)ဦးချစ်ရွှေ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ပကခ(နိုင်)၀၀၂၂၀၆)ကိုင်ဆောင်သူနှင့် (ဆ)ရပ်ကွက်တွင် နေထိုင်သူ ဒေါ်ခင်ဖြူထွေး(ဘ)ဦးချစ်ရွှေ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ပကခ(နိုင်)၀၃၇၄၀၀)ကိုင်ဆောင်သူတို့၏ လွှဲအပ်ချက်အရ ဒေါ်ရီ(၄င်း၏ သမီးဖြစ်သူ)ဒေါ်ခင်ဖြူအေးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးချစ်ရွှေနှင့် ဒေါ်ရီတို့သည် မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်ကြပြီး သား၊ သမီး (၃)ဦးမွေးဖွားခဲ့ပါသည်။ ၄င်းတို့မှာ ဒေါ်ခင်ဖြူအေး။ (၂)ဦးလှမွန်ဦး၊ (၃)ဒေါ်ခင်ဖြူထွေးတို့ဖြစ်ကြပြီး ဦးချစ်ရွှေ ကွယ်လွန်ပြီးနောက် မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ ဒဒ-၄၀/၅၉ မြေကွက်နှင့် အဆောက်အအုံတို့သည် မိဘပိုင်များအဖြစ် ကျန်ခဲ့ပါသည်။

အထက်ပါ မြေကွက်၊ အဆောက်အအုံတို့နှင့် ပတ်သက်၍ ဦးလှမွန်ဦးနှင့် ဒေါ်ခင်ဖြူထွေးတို့၏ သဘောတူညီမှုမရှိဘဲ စိတ်ဆန္ဒမပါဘဲရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ စွန့်လွှတ်ခြင်း၊ အခြားနည်းများဆောင်ရွက်ခြင်း၊ လွှဲပြောင်းခြင်း မပြုပါရန်နှင့် ထိုသို့ပြုလုပ်ခဲ့ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ပြီး ထိုသို့ပြုလုပ်မှုသည် ဥပဒေနှင့် ညီညွတ်မှု လုံးဝမရှိသည့်အပြင် တရားဝင်ဆောင်ရွက်ခြင်းမဟုတ်ပါကြောင်း ဒေါ်ရီ(၄င်း၏ သမီးဖြစ်သူ ဒေါ်ခင်ဖြူအေးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ချက်အရ** |
| **၁။ ဦးလှမွန်ဦး** | **ဦးကျော်ကျော်** |
| **၂။ ဒေါ်ခင်ဖြူထွေး** | (B.Sc,H.G.P, D.B.L, D.I.L) |

**အထက်တန်းရှေ့နေ(စဉ်-၁၆၄၂၅/ ၂၉-၂-၁၉၈၈)**
**အမှတ်(၅)၊ အကွက်(၃၀)၊ ဥပုသ်တော်ရပ်၊**
**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၃၁၇၈၄၁၃၊ ၀၉-၄၂၄၂၂၄၃၄၃**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၄)၊ ဦးပိုင်အမှတ်(၃၄/ခဲစင်း)၊ ၅၁လမ်း၊ ၁၁၄လမ်းနှင့် ၁၁၅လမ်းကြားရှိ ဒေါ်အမာအမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးလှသော်၊ မိခင် ဒေါ်လှမြင့်၊ သမီး ဒေါ်အမာ(အပျိုကြီးဘဝဖြင့်)တို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၇၂၇/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်အတာ(၉/မရမ(နိုင်)၀၅၃၃၆၂)၊ ဦးမောင်မောင်(၉/အမရ(နိုင်)၀၂၆၉၈၀)တို့၏(GPရရှိသူ ဒေါ်ညွန့်တင်)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၄၈၅/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**မီး သ တိ ပြု**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်(၁၃၆)၊ ယခင်ဦးပိုင်အမှတ်(၁-ဆ)၊ ယခုဦးပိုင်အမှတ်(၃-က)၊ ဧရိယာ(၀ ဒသမ ၀၇၁၀)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဟု အဆိုပြုသူများဖြစ်ကြသော ၁။ ဒေါ်တင်တင်(ဘ)ဦးကျော်(၉/မနမ(နိုင်)၀၅၃၇၃၂)၊ ၂။ ဦးမျိုးမင်းအောင်(ဘ)ဦးအေးဝင်း(၉/မနမ(နိုင်)၁၁၈၆၆၀)နှင့် ၃။ ဦးပြည်ဖြိုးအောင်(ဘ)ဦးအေးဝင်း(၉/အမဇ(နိုင်)၀၀၉၁၆၆)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှဘုန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| | | |
|---|---|---|
| **ဦးရဲဝင်း (LL.B)** | **ဦးပြည့်ကိုကို (LL.B)** | **ဒေါ်မြင့်မြင့်အေး (LL.M)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**ဒေါ်ချောစု (LL.B)** **ဒေါ်မဥ္ဇူမြင့် (LL.B)**
**အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**
**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၁)၊ ဦးပိုင်နံပါတ်(၁၀၆+၁၀၇)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁+ ၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်ကြည်မြင့် အမည်ပေါက် ဂရန်မြေကွက်များအနက် ဦးပိုင်နံပါတ်(၁၀၆)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (၄၀×၆၀)ပေ၏ အရှေ့ဘက်ခြမ်း(၂၀×၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးစိုးသိန်း(ဘ)ဦးရွှေအိုး(၁၃/တကန(နိုင်)၀၅၀၁၁၃)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဦးတင်အောင်မိုး(LL.B,LL.M)** | **ဒေါ်အိအိမွန်(LL.B,LL.M)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

| | | | |
|---|---|---|---|
| **ဒေါ်ယုသစင်အောင် (LL.M)** | **ဒေါ်အေးနန္ဒာထွန်း (LL.B)** | **ဒေါ်မာလာစိုး (LL.B)** | **ဒေါ်ဖူးသန့်မွန် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ်(က-၁)၊ ဦးပိုင်နံပါတ်(၈၆)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (၄၀×၆၀)ပေ အကျယ်အဝန်းရှိ ဦးလှမြင့် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်ခြမ်း(၂၀×၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးနိုင်ဝင်း(ဘ)ဦးဝင်း(၈/မကန(နိုင်)၀၃၄၆၀၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဦးတင်အောင်မိုး(LL.B,LL.M)** | **ဒေါ်အိအိမွန်(LL.B,LL.M)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

| | | | |
|---|---|---|---|
| **ဒေါ်ယုသစင်အောင် (LL.M)** | **ဒေါ်အေးနန္ဒာထွန်း (LL.B)** | **ဒေါ်မာလာစိုး (LL.B)** | **ဒေါ်ဖူးသန့်မွန် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ခခ-၄)၊ ဦးပိုင်အမှတ်(၈၉)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဗိုလ်မှူး တင်မြတ် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်သူ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၇၀၄/၂၀၂၄)အရ ဂရန်ပြန်လည်လျှောက်ထားသူ ဦးစိုးဦး(ဘ)ဦးပွားမောင်(၅/အတန(နိုင်)၀၀၀၅၃၆)မှ ကျွန်ုပ်၏မိတ်ဆွေသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေကလည်း ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ခိုင်ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၃၈လမ်း၊ ၇၈လမ်းနှင့် ၇၉လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၄၄၄၈၊ ၀၉-၄၄၁၀၀၅၅၀၄**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ဆိုရှယ်မီဒီယာများကို အသုံးပြုကြသည့်နေရာတွင် စနစ်တကျအကျိုးရှိရှိ အသုံးချနိုင်ရေး အရေးကြီး...

❖ မိမိတို့၏အသုံးပြုမှုသည် အခြားသူကိုထိခိုက်နစ်နာမှုများမဖြစ်စေရေး၊ အထူးသဖြင့် နိုင်ငံတော်၏ အမျိုးသားစရိုက်လက္ခဏာ၊ နိုင်ငံတော်လုံခြုံရေးနှင့် နိုင်ငံတော်၏ အကျိုးစီးပွားကို ထိခိုက်မှုမဖြစ်စေရေး အထူးဂရုပြုဆောင်ရွက်ကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၂၆ရက်နေ့တွင်ပြုလုပ်သော မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ၏ ၂၅ နှစ်ပြည့် ငွေရတုအထိမ်းအမှတ်ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး အိန္ဒိယနိုင်ငံ National Defence College ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ National Defence College မှ အကြီးတန်းနည်းပြအရာရှိ(Senior Directing Staff)ဖြစ်သူ Major General Ajay Kumar Singh, AVSM, SM ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား လေ့ကျင့်ရေး၊ သင်ကြားရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ကြကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊ လေ)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အိန္ဒိယနိုင်ငံ National Defence College မှ အကြီးတန်းနည်းပြအရာရှိ(Senior Directing Staff) ဖြစ်သူနှင့်အတူ သင်တန်းသားအရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယစစ်သံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# IBF ဟဲဗီးဝိတ်ချန်ပီယံလုပွဲအဖြစ် အန်သိုနီဂျိုရှုအာနှင့် ဒန်နီယဲလ်ဒူဘွာတို့ စက်တင်ဘာ ၂၁ ရက်တွင် ယှဉ်ပြိုင်ထိုးသတ်မည်

**လန်ဒန် စက်တင်ဘာ ၂**

IBF ဟဲဗီးဝိတ်ချန်ပီယံလုပွဲအဖြစ် ဗြိတိန်လက်ဝှေ့သမားနှစ်ဦး ဖြစ်သည့် အန်သိုနီဂျိုရှုအာနှင့် ဒန်နီယဲလ်ဒူဘွာတို့ လာမည့် စက်တင်ဘာ ၂၁ ရက်တွင် ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်သည်။



အဆိုပါ အန်သိုနီဂျိုရှုအာ နှင့် ဒန်နီယဲလ်ဒူဘွာတို့ ထိုးသတ်မည့်ပွဲကို အင်္ဂလန်နိုင်ငံရှိ ဝင်ဘာလေကွင်းတွင် ကျင်းပသွားမည်ဖြစ်ပြီး ဗြိတိန်လက်ဝှေ့သမိုင်းတွင် ပရိသတ်စံချိန်တင်မည့် အနေအထားလည်းရှိနေသည်။

လက်ဝှေ့ပွဲစီစဉ်သည့် His Excellency အဖွဲ့အစည်းမှ အကြီးအကဲဖြစ်သူ တာကီအလာရှစ်ကလည်း အန်သိုနီဂျိုရှုအာနှင့် ဒန်နီယဲလ်ဒူဘွာတို့ပွဲအတွက် လက်မှတ်အားလုံးရောင်းကုန်သွားပြီးဖြစ်ကြောင်းလည်း ပြီးခဲ့သည့် အပတ်ကတည်းက အတည်ပြုပြောကြားခဲ့သည်။

အသက်(၃၄)နှစ်အရွယ်ရှိ အန်သိုနီဂျိုရှုအာသည် ပရိုလက်ဝှေ့ပွဲပေါင်း ၃၁ ပွဲထိ ထိုးသတ်ထားရာ ၂၈ ပွဲထိ အနိုင်ရယူထားပြီး ၃ ပွဲသာ အရေးနိမ့်ထားသည်။

အသက်(၂၆)နှစ်အရွယ်ရှိ ဒန်နီယဲလ်ဒူဘွာသည် ပရိုလက်ဝှေ့ပွဲပေါင်း ၂၃ ပွဲထိ ထိုးသတ်ထားရာ ၂၁ ပွဲနိုင်၊ ၂ ပွဲ အရေးနိမ့်ထားသည်။

IBF ဟဲဗီးဝိတ်ချန်ပီယံလုပွဲအဖြစ် အန်သိုနီဂျိုရှုအာနှင့် ဒန်နီယဲလ်ဒူဘွာတို့ ထိုးသတ်မည့်ပွဲစဉ်တွင် မည်သူက အနိုင်ရရှိပြီး ချန်ပီယံခါးပတ်အား ရယူသွားနိုင်မည်လဲဆိုသည်မှာ လက်ဝှေ့ကြိုက်နှစ်သက်သူ ပရိသတ်များ စောင့်ကြည့်ရမည့် ပွဲတစ်ပွဲပင်ဖြစ်သည်။

(NGB)